စိတ်ကူးချိုချိုအနုပညာ
mgyoe.com

နုတ်နွယ်

# မနေ့တစ်နေ့က ရွာတဲ့မိုး မနေ့တစ်နေ့က တိုက်တဲ့မုန်တိုင်း



(စာပေရေးရာ ဆောင်းပါးများ)

mgyoe.com



(စာပေရေးရာ ဆောင်းပါးများ)

ဖြိုး

# နှတ်နွယ်

မနေ့တစ်နေ့က
ရွာတဲ့မိုး

မနေ့တစ်နေ့က
တိုက်တဲ့မုန်တိုင်း

ISBN 9789997115003
NN39
9 789997 115003
2,300.00KS

mgyoe.com

မနေ့တစ်နေ့က ရှာတဲ့မိုး မနေ့တစ်နေ့က တိုက်တဲ့မုန်တိုင်း။ နတ်နွယ်
မျက်နှာဖုံးဒီဇိုင်း - ကျော်ခိုင်
စာမျက်နှာ ၁၅၃++ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇန်နဝါရီလ၊ နှစ်တွဲပေါင်းပထမအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၆ ကျော်မွှေးစာအုပ်တိုက်ထုတ် မနေ့တစ်နေ့ကရှာတဲ့မိုး ဒုတိယအကြိမ်မူနှင့်
၂၀၁၇ ကျော်မွှေးစာအုပ်တိုက်ထုတ် မနေ့တစ်နေ့ကတိုက်တဲ့မုန်တိုင်း ပထမအကြိမ်မူများ။

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မနေ့တစ်နေ့က ရွာတဲ့မိုး
# မနေ့တစ်နေ့က တိုက်တဲ့မုန်တိုင်း

နုတ်နွယ်

နှစ်ချုပ်ပေါင်းပထမအကြိမ်၊ ၂၀၁၄

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

## မနေ့တစ်နေ့က ရှာတဲ့မိုး


၁။ စိန်ပွင့်များ၊ မိုးသောက်ကြယ်၊ နေမင်းနီ ၃

၂။ မီးပုံကြီးနှင့် အနီးအဝေး ၅

၃။ ကာရန်မဲ့ကဗျာ ၇

၄။ အောင်သင်းသို့ ပေးစာ ၁၃

၅။ ဝေဖန်ရေးနှင့် လက်တွေ့ ၂၀

၆။ တော်လှန်ကဗျာ ၂၃


## မနေ့တစ်နေ့က တိုက်တဲ့မုန်တိုင်း


– အမှာ ၂၇


အပိုင်း (က)


မိမိ၏အခြားတစ်ဖက် ၂၉


အပိုင်း (ခ)

မပြောမပြီး မတီးမမြည်

(စန္ဒာမဂ္ဂဇင်းတွင် စိန်အိုးစည် အမည်ဖြင့် ရေးသားခဲ့သည်များ)


၁။ ပဏာမ ကန်တော့ခန်း ၄၂

၂။ စာပေသက်သေပြ ၄၈


mgyoe.com

mgyoe.com

၃။ နာမ်ပိုင်းဆိုင်ရာ အတ္ထုပ္ပတ္တိ ၅၆
၄။ အတွေးပွင့် အနုအရင့်များ ၆၄
၅။ စာအုပ်နှစ်အုပ် ခလုတ်တိုက်မိခြင်း ၇၃
၆။ ဘာသာပြန်စာပေဝေဖန်ရေး ၈၁
၇။ မြန်မာဝတ္ထုတိုများနှင့် ခလုတ်တိုက်မိခြင်း ၈၈
၈။ အင်း... ပြောတော့ပြောရမှာပဲ ဒါပေမဲ့ ၉၇
၉။ ဂန္ထဝင်အစဉ်အလာနှင့် မော်ဒန်လှိုင်းဂယက် ၁၀၂
၁၀။ ရောင်စုံကာလာ နုနုရည် ၁၀၉
၁၁။ ချွန်နှစ်ချွန် (ကံချွန်နှင့် မောင်သွေးချွန်) ၁၁၅
၁၂။ အင်း... စဉ်းစားစရာပဲ ၁၂၁

## အပိုင်း (ဂ)

### စာနယ်ဇင်းလောက အလင်းအမှောင်များ


(နွယ်နီနှင့် ချယ်ရီမဂ္ဂဇင်းတို့တွင် မှန်ပြောင်းသစ်အမည်ဖြင့် ရေးခဲ့သည်များ)

၁။ ၃၇ လမ်း သို့မဟုတ် စာပေပွဲဈေးတန်း ၁၂၈
၂။ မော်ဒန်ပါရာနွား ၁၃၄
၃။ ရင်ခုန်ရသော ကိန်းတန်းများ ၁၄၁
၄။ မော်ဒန်တစ္ဆေ ၁၄၇

❑

mgyoe.com

mgyoe.com



ဆရာနတ်နွယ်

mgyoe.com

mgyoe.com

ယခု စာစုနှစ်စု ပူးတွဲရိုက်နှိပ်မှုတွင် ဆရာမောင်နွေထက် ရေးသားခဲ့သော "မနေ့တစ်နေ့ကနတ်နွယ်" ဆောင်းပါးကို မိတ်ဆက်အဖြစ် ဖြည့်စွက်ဖော်ပြလိုက်ပါသည်။

mgyoe.com

mgyoe.com



# မနေ့တစ်နေ့က နတ်နွယ်

## (၁)

လက်ရာသန့်သည်
လက်ရာခန့်သည်
လက်ရာလှသည်
ပြီး
လက်သံပြောင်သည်
လက်မှန်းတည့်သည်
လက်စောင်းထက်သည်
မိုးဝေစာပေမဂ္ဂဇင်း
စာတည်းလှမြင့်

(နတ်နွယ်)

နတ်နွယ်ဆိုတဲ့အမည်ကို စတင်ရင်းခဲ့တဲ့ နှစ်ကာလတွေကို ခြသေ့လည်ပြန်နဲ့ ကြည့်လိုက်တော့ မိုးဝေ စာပေမဂ္ဂဇင်းရဲ့ လက်စောင်းအထက်ဆုံးကာလ ၁၉၇၀ ခုကတည်းက ဖြစ်နေပါရောလား။ ကျွန်တော်တို့ ဆယ်ကျော်သက်အရွယ် လူလားမြောက်တော့မယ့်ကာလကပေါ့။ အဲဒီအချိန်က မိုးဝေစာပေမဂ္ဂဇင်းစာအုပ်မှ ၂ ကျပ်ပါ။ တစ်ဝက်နှုန်းဆိုရင် လစဥ်တစ်ကျပ်နဲ့ ဝယ်လို့ရပါတယ်။ အဲဒီနည်းနဲ့ မိုးဝေစာပေမဂ္ဂဇင်းတွေ စုထုပ်သိမ်းချုပ်ထားတယ်။ ၁၉၇၀၊

mgyoe.com

mgyoe.com



၁၉၇၁၊ ၁၉၇၂ မိုးဝေကဗျာပေါင်းချုပ်ဟာ အဲဒီခေတ်၊ အဲဒီနှစ်က ပေါ်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ မြန်မာခေတ်ပေါ်ကဗျာသမ္မာကျမ်းစာလို့ ဆိုရမှာပေါ့။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာဒဂုန်တာရာ၊ ဆရာမ ကြည်အေး၊ မင်းယုဝေ၊ ငွေတာရီ၊ ဒေါင်းနွယ်ဆွေ၊ နေသွေးနီ၊ တင်မိုး၊ ထိလာစစ်သူ စတဲ့ ကဗျာဆရာတွေရဲ့ စကက်ချ်နဲ့ ရုပ်ပုံလွှာတွေ သူတို့ကဗျာတွေနဲ့ အင်တာဗျူးတွေကို တခမ်းတနားဖတ်ရတာ အားရစရာကြီးပါ။ ကျွန်တော်တို့လို ကဗျာရူးတွေအတွက် မိုးဝေဟာ ကျွန်တော်တို့ရဲ့ခေတ်ပေါ် မဟာကဗျာကျောင်းကြီးပေါ့။

ဆရာမင်းသုဝဏ်တို့၊ ဆရာမကြီးဒေါ်နုယဉ်တို့၊ ဆရာဒဂုန်တာရာတို့၊ မင်းလူညွန့်ကြူးတို့လို ဆရာမောင်သာနိုးတို့လို ဆရာတွေရဲ့ ကဗျာဆောင်းပါးတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ထွက်ခဲ့တဲ့ကာလမို့ လွမ်းမောစရာ ကောင်းလှပါတယ်။ ဒီလိုနဲ့ မိုးဝေကဗျာခေတ်ဟာ မြန်မာခေတ်ပေါ် ကဗျာလောကမှာ ထွန်းတောက်ထိန်ဝေလာခဲ့ပါတော့တယ်။

အဲဒီကာလကစလို့ 'နတ်နွယ်' ရဲ့အမည်ကို ပိုရင်းနှီးသိလာရတယ်ပေါ့။ နတ်နွယ်ရဲ့ 'အပြာ' မဂ္ဂလေးတက္ကသိုလ်နောက်ခံဝတ္ထုရှည်ကို ကျွန်တော် စွဲလမ်းခဲ့သလို ဒေါ်စတိုယက်စကီးရဲ့ ဝတ္ထုကိုမှီးရေးထားတဲ့ တက္ကသိုလ်နဲ့ ပြင်ပကမ္ဘာကိုလည်း ကျွန်တော် စွဲလမ်းခဲ့ဖူးပါတယ်။ တစ်ကွေ့တော့တွေ့ကြဦးမည်ဆိုတဲ့ ဝတ္ထုနာမည်ကိုတော့ ကျွန်တော်အင်မတန်ကြိုက်နှစ်သက်ခဲ့ပါတယ်။ နတ်နွယ်က ဝတ္ထုတွေနာမည် အပေးကောင်းတဲ့ထဲမှာ ပါပါတယ်။ တိုက်ဆိုင်လို့ကျွန်တော် သတိရစာလေး ရေးပြပါရစေ။

မနေ့တစ်နေ့က ထွက်ခဲ့တဲ့ (၂၀၁၈၊ နိုဝင်ဘာလကထုတ်ဝေတဲ့ Mandalay Icon မဂ္ဂလေးအထင်ကရမဂ္ဂဇင်း)

mgyoe.com

mgyoe.com



ထဲမှာ ကဗျာဆရာ အောင်ချိမ့်က 'လူငယ်တစ်ယောက် အကြောင်း – ၁၂'၊ 'ဘယ်တော့မှ မေ့လို့မရ' ဆိုတဲ့ ခေါင်း တပ်ထားတဲ့ ကဗျာတစ်ပုဒ်ပါဝင်ပါတယ်။ စာမျက်နှာများမှာ စိုးလို့ မဖော်ပြတော့ပါ။ ကဗျာချစ်သူများ ရှာဖတ်ကြပါ။

ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်ခဲ့ကြတဲ့ လူငယ် ကဗျာ ဆရာသစ်တွေရဲ့ မိုးဝေကဗျာခေတ်ဟာ မြန်မာစာပေလောက မှာ နိုင်ငံတကာဗေဒ၊ မြန်မာ့အလှဗေဒ၊ ရသဗေဒ၊ နယ်ချဲ့ ဆန့်ကျင်ရေး၊ အလင်းတံခါးကို နှလုံးသားနဲ့ တွန်းဖွင့်ခဲ့ကြလို့ ဒီနေ့တိုင် လင်းပွင့်ထိန်ဝေခဲ့တဲ့ မိုးဝေကဗျာတစ်ခေတ်ဟာ ထိန်ထိန်တောက်လို့။

(၂)

၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလက စတင်ထုတ်ဝေခဲ့တဲ့ (စုံထောက်မဂ္ဂဇင်းကို အမည်ပြောင်းခဲ့) မိုးဝေစာပေမဂ္ဂဇင်းဟာ ၁၉၇၀–၁၉၇၁–၁၉၇၂ ကာလတွေဟာ လက်စောင်းအထက် ဆုံး ကာလပေါ့။ ကာရန်မဲ့ကဗျာ ဆိုတဲ့ လေဘယ်တံဆိပ် ကပ်လို့ မြန်မာခေတ်ပေါ်ကဗျာသစ်ကို အမနာပ ဝေဖန်ခဲ့ကြ တဲ့ ဂယက်အထဆုံးကာလပေါ့။ ဒီအချိန်၊ ဒီကာလမှာ ဆရာ နတ်နွယ်က 'မနေ့တစ်နေ့က ရွာတဲ့မိုး' ဆိုတဲ့စာအုပ်ကို ၁၉၇၂ ခု၊ ဩဂုတ်လက ထုတ်ဝေလိုက်တော့ မြန်မာစာပေ လောကမှာ ဂယက်ကြီးစွာ ထခဲ့ပါတော့တယ်။ ဂယက်ကြီး စွာ ထခဲ့ရတဲ့ မူရင်းအကြောင်းတရားက ...

ဒီ ... မနေ့တစ်နေ့က ရွာတဲ့မိုး စာပေဆောင်းပါးထဲမှာ

စိန်ပန်းပွင့်များ မိုးသောက်ကြယ် နေမင်းနီ
မီးပုံကြီးနဲ့ အနီးအဝေး
ကာရန်မဲ့ ကဗျာ
အောင်သင်းသို့ပေးစာ

mgyoe.com

mgyoe.com



ဝေဖန်ရေးနှင့် လက်တွေ့

တော်လှန်ကဗျာ

စတဲ့ ဆောင်းပါး ၆ ပုဒ်ပါဝင်တဲ့ စာမျက်နှာ ၃၁ မျက်နှာ ရှိတဲ့ စာအုပ်ကလေးပါ။

သေသော်မှတည့် သြော် ... ကောင်း၏တဲ့၊ ဆီးဘန်နီ ဆရာတော်၊ အညာမင်္ဂလာဆောင်၊ ဘွိုင်းကောက်ဒွိကာ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း –

ကြွေးကြော်သံများ၊ သေနတ်သံများ

ကုံကော်တောမှ ခေတ်စမ်း

မြို့လယ်မှ နဂါးနီ

တဟီတီကျွန်းမှ တာရာ

'မီးပုံကြီးနဲ့ အနီးအဝေး' ၁၉၇၂ ခု၊ ဇန်နဝါရီလ၊ မိုးဝေ မဂ္ဂဇင်း ခေါင်းကြီးထဲမှာ

'ခေတ်တစ်ခေတ်တွင် အလျှံညီးသော မီးပုံကြီးရှိပါ လျက်၊ စာမျက်နှာများ မည်းမှောင်နေလျှင် သို့မဟုတ် ပန်းနု ရောင်ကလေးမျှသာ သန်းနေလျှင်ကား ယင်းစာမျက်နှာများ သည်၊ မီးပုံကြီးအနီးတွင်မရှိဘဲ၊ ဝေးရာအရပ်တွင်၊ သီးသီး ခြားခြား၊ အေးအေးချမ်းချမ်း ရှိနေသောကြောင့် ဖြစ်ပါ လိမ့်မည်'

'ထို့ကြောင့် ကျွန်ုပ်တို့သည် ခေတ်စမ်းစာပေကို ကြည့် လိုလျှင်၊ ထိုခေတ်က မီးတုတ်များကို အရင်ကြည့်ရပေလိမ့် မည်။ တာရာမဂ္ဂဇင်းကိုကြည့်လိုလျှင် ၁၉၄၆ မှ ၁၉၄၉ အတွင်း ထိန်ထိန်ညီးညီး တောက်လောင်လျက်ရှိသော၊ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် ဆိုရှယ် လစ်ရေးလမ်းကြောင်း မီးပုံကြီးကို အရင်ကြည့်ရပေလိမ့်မည်'

၁၉၇၂ ခု၊ မတ်လထုတ် ပြည်သူ့ကြယ်ဂျာနယ်ပါ 'အိပ် မက်တွင် တွေ့ဆုံခြင်း' ဆောင်းပါးကိုတော့ မနေ့တစ်နေ့က ရှာတဲ့မိုး စာအုပ်ကလေးထဲမှာသာ ရှာဖတ်ကြပါလို့သာ လက်

mgyoe.com

mgyoe.com



တို့ခဲ့ပါရစေ။

၁၉၇၂ က နတ်နွယ်ဟာ ဒဂုန်တာရာကို ပြင်းထန်စွာ ဝေဖန်ခဲ့တယ်လို့ ဆိုရမှာပါ။ ဒီအတွက် အကျိုးဆက်ကတော့ အဲဒီခေတ်ကို ဖြတ်သန်းခဲ့ကြတဲ့ ကဗျာဆရာတွေ၊ စာရေးဆရာတွေက ပိုသိကြပါတယ်။ ထား။

ဒဂုန်တာရာအပေါ် ပြင်းထန်စွာဝေဖန်တဲ့ အကျိုးဆက်ကတော့ အဲဒီခေတ် မဂ္ဂဇင်းဂျာနယ်တွေထဲမှာ ဒဂုန်တာရာဘက်က ရပ်တည်ရေးခဲ့ကြတာကို ကျွန်တော်တို့ တလေးတစား ဖတ်ရှုခဲ့ရပါတယ်။

၁၉၇၂၊ နိုဝင်ဘာလက ထုတ်ဝေခဲ့တဲ့ 'ယနေ့မြန်မာစာအုပ်များ' စာအုပ်ထဲမှာ 'ရှက်ရှက်နဲ့ ဝေဖန်ရပါတော့တယ်' စာတမ်းငယ်လေးရဲ့ စာမျက်နှာ ၈၃၊ ၈၄၊ ၈၅ မှာ ဝတ္ထုစာသားတွေ အတုံးလိုက်၊ အတစ်လိုက် ထုတ်ပြပြီး စာမျက်နှာ ၈၅ မှာတော့ အညာသားဝေဖန်ရေး ဆရာက ...

'မသူဇာမောလာပြီ၊ သူမ အကြောအခြင်များအားလုံးသည် တစ်နေရာမှ စုဆွဲထားသကဲ့သို့ ဖျင်းဖျင်းစပ်စပ် ဖြစ်နေသည်။ မသူဇာသက်ပြင်းကြီးတစ်ချက် ချပြီး ရုန်းကန်လှုပ်ရှားမှုများအား စွန့်လွှတ်လိုက်တော့သည်။ မသူဇာလေးတော့ အရုပ်ကြိုးပြတ်ဖြစ်ရပါပြီ မောင်ကြီးရယ်'

'ကဲ ... ကဲ ဒါဆို လုံလောက်ပါပြီ။ အခန်းတိုင်းမှာ လိုလို ဒါမျိုးတွေ အနည်းနဲ့အများ ထည့်သွင်းရေးဖွဲ့ထားလေရဲ့'

နောက်ဆုံး ကျွန်တော် ကောက်နုတ်ချက်တွေကို ထုတ်ပြခဲ့တဲ့ ဝတ္ထုကတော့ 'တံခွန်တိုင် မောင်နှမများ' ပါတဲ့။

'ဟိုလိုဒီလို ကူလီကူမာ၊ ဝတ္ထုဖတ်ရတာ၊ စိတ်ပျက်လွန်းလို့ ကျွန်တော်တို့ရဲ့ ရဲဘော်ကြီး နတ်နွယ်ရဲ့ဝတ္ထုကို အားကိုးတကြီးနဲ့ ကောက်ဖတ်လိုက်ခဲ့တာပါပဲ။ 'အပြာ'၊ 'တစ်ကွေ့တော့ တွေ့ကြဦးမည်'၊ 'မြန်မာပြည်မြောက်ပိုင်း' တို့ကို ဖတ်

mgyoe.com

mgyoe.com



ရတာ ကောင်းတယ်။ ဝတ္ထုပါးမဝသေးတဲ့ စာဖတ်သူတွေက ဘာစာအုပ်တွေ ဖတ်ရမလဲလို့ မေးလာရင် 'တစ်ကွေ့တော့ တွေ့ကြဦးမည်' ဖတ်ပြီးပလား၊ 'မြန်မာပြည်မြောက်ပိုင်း ဖတ်ပြီးပလား' နဲ့ မေးရည္စွန်းရတယ်။ ဖတ်ရတာကလည်း ဆွဲဆောင်မှုပါတယ်။ ဖတ်ကောင်းတယ်၊ နယ်ချဲ့ဆန့်ကျင်ရေးစတဲ့ နိုင်ငံရေးရည်ရွယ်ချက်ကောင်းတွေနဲ့လည်း ရေးဖွဲ့ထားတယ်။ 'တံခွန်တိုင် မောင်နှမများ' ကို ဖတ်ကြည့်လိုက်မိတော့၊ ဘာဖြစ်ကုန်ကြတာလဲ၊ အရပ်ကတို့လို့ ထအော်မပစ်မိအောင် မနည်းထိန်းချုပ်ထားလိုက်ရပါတော့တယ်။

တော်လှန်စာပေတွေ ဘာတွေ ကြွေးကြော်နေတဲ့ ကျွန်တော်တို့ရဲ့ ရဲဘော်ကြီးတစ်ယောက် ခုလို ... ခုလို'

ဆိုပြီး ဝေဖန်ခဲ့တာဟာဖြင့် မြန်မာစာပေလောကမှာ အကြီးအကျယ် ပွက်လောရိုက်သွားပါတော့တယ်။

ဒါ ... ၁၉၇၂ ခုနှစ်ဆီက မြန်မာစာပေလောကထဲမှာ ရိုက်ခတ်ခဲ့တဲ့ ခေတ်ပြိုင်စာပေဂယက်ပါပဲ။

၁၉၈၄ ခုနှစ်၊ စက်တင်ဘာနဲ့ အောက်တိုဘာလ (၂လဆက်) မိုးဝေမဂ္ဂဇင်းမှာ 'မိမိနဲ့ ဒဂုန်တာရာ' ဆိုတဲ့ဆောင်းပါးက စိတ်ဝင်စားစရာကောင်းပါတယ်။ ကဲ ... ဒီမှာဖတ်ကြည့်။

'ဒဂုန်တာရာနဲ့ မိမိအကြားတွင် အခြား ကလိတိတိ ကလေးတစ်ခု ရှိနေသေးသည်။ ယင်းမှာ အခြားမဟုတ်ပါ၊ သူ၏ ဆောင်းပါးတစ်ပုဒ်ကို အကြောင်းတစ်ခုကြောင့် မိုးဝေမှာ မထည့်သွင်းနိုင်သဖြင့် ပြန်ပေးခဲ့သည်။ ထိုအခါ မိုးဝေမှာ သူရေးနေသော ဆောင်းပါးများအားလုံးကို ရပ်ပစ်ခဲ့သည်။ ဒီတုန်းက သူသည် ကလောင်အမည် သုံးမျိုးလောက်နှင့် မိုးဝေမှာ လစဉ်ရေးနေသည်။ သူ့ကို ပြန်ရေးဖို့ပြောသည်။ မိမိကလည်း ပြောသည်။ မိတ်ဆွေများကလည်း ပြောသည်။ သူမရေးပါ။ သူကဘူးဆိုလျှင် ဖရုံမသီးပါ။ သူသဘောမပေါက်လျှင် သူ့စိတ်ထဲမှာ ဘဝင်မကျလျှင် သူက ဘာမှ

mgyoe.com

mgyoe.com



မလုပ်ပါ။ ဒီအချက်ကို သူနှင့် လက်ပွန်းတတီး၊ ဆယ်နှစ်ကျော်ကျော်၊ အနှစ် ၂၀ နီးပါး နေခဲ့ဖူးသဖြင့် ကောင်းကောင်းသိပါသည်။

'သူသဘောပေါက်အောင်၊ ပြောဖို့ဆိုသည်ကလည်း မလွယ်ပါ၊ အင်မတန် လက်ဝင်သည်။ မိမိတို့ ကြုံခဲ့ဖူးပေါင်းများပြီ။ ဒီအကြောင်းတွေ ပြန်ပြောရလျှင် တုတ်ထမ်းပြီးပြောရမည်'

နတ်နွယ်က စာရေးလိမ္မာပါးနပ်သည်လို့ ဆိုရမယ့်စာရေးဆရာတစ်ယောက် ဖြစ်ပါတယ်။ ဒီမှာ ဆက်ဖတ်ကြည့်ပါ။

'လ ၂၀၀ အထူးထုတ်တွင် ဒဂုန်တာရာကို ရေးရမည်ရှိသောအခါ လက်တွန့်နေသည်။ သူ့အကြောင်းကိုမရေးဘဲ တိရစ္ဆာန်ရုံထဲက ကျားမြီးကို သွားဆွဲရလျှင် ကောင်းချေမည်လားဟု စဉ်းစားမိသည်'

'မိမိနှင့် စာရေးဆရာများ 'စီးရီး' ကို စီစဉ်ကတည်းကပင် လက်တွန့်မိသော ခေါင်းစည်းနှစ်ခု ရှိခဲ့သည်။ 'မိမိနှင့် ဒဂုန်တာရာ' နှင့် မိမိနှင့် အမျိုးသမီးစာရေးဆရာများပင် ဖြစ်သည်။

အမျိုးသမီးများက ဆတ်ဆတ်ထိမခံ ဖြစ်သည်။ ဒဂုန်တာရာက ရှေ့ပန်းကန်ဖြစ်သည်။

'အထိမခံ ရှေ့ပန်းကန်' ဆိုတဲ့ မြန်မာစကားကို လိုသလိုယူသုံးသွားတဲ့ နတ်နွယ်ရဲ့စာပိုဒ်ကို ကျွန်တော် မိုးဝေမဂ္ဂဇင်းမှာ ဖတ်လိုက်ရတော့ အံ့သြမိပါတော့သည်။ 'အထိမခံ ရှေ့ပန်းကန်' ဆိုတော့ ဒဂုန်တာရာအပေါ် ရေးသားလိုက်တဲ့ နတ်နွယ်ရဲ့အသုံးကို ကျွန်တော်တစ်ယောက်တည်းအနေနဲ့ ဘဝင်မကျတာ ကနေ့အထိပါ။ ထား။

ဆက်လက်ပြီး 'မိမိနှင့် ဒဂုန်တာရာ' မှာ နတ်နွယ်က ဟောဒီလို နိဂုံးသတ်ထားပုံက ဒီမှာဖတ်ကြည့်။

mgyoe.com

mgyoe.com



မိုးဝေလ ၂၀၀ အထူးထုတ်ကို စီစဉ်သောအခါတွင် ကား သူ့ထံသို့သွားဖြစ်အောင်သွားမည်ဟု သန္နိဋ္ဌာန်ချသည်။

တစ်နေ့တွင် ကားတစ်စီးငှားပြီး ဆရာဇော်ဂျီ၊ ဆရာ တက်တိုး၊ ဒေါ်နုယဉ်နှင့် သူ့အိမ်သို့သွားရန် စီစဉ်သည်။ မိတ်ဆွေအချို့လည်း လိုက်ပါကြမည်ဖြစ်သည်။ သို့သော် သူ့ထံသို့ ကြိုပြီးဖုန်းဆက်သောအခါ သူ မရှိပါ။ မော်ဘီ သွားနေသည်။ နောက်တစ်ပတ်အကြာတွင် ထပ်ပြီး ဖုန်း ဆက်သည်။ မတွေ့ပါ။ မော်ဘီသွားနေသည်ဟုပင် သိရ သည်။

ယင်းသို့ဖြင့် လ ၂၀၀ အထူးထုတ်အတွက် သူ့ထံမှာ စာမူမတောင်းလိုက်ရပါ။ အကယ်၍ သူနှင့်တွေ့ပြီး စာမူ တောင်းခွင့်ရခဲ့လျှင်ကား ...

ဒီမှာ တိုက်ဆိုင်တယ်လို့ ဆိုရမလားမသိ။ ကျွန်တော် မှတ်မှတ်သားသားရှိတဲ့ ဒဂုန်တာရာရဲ့ ဆောင်းပါးတစ်ပုဒ်ကို မှတ်မှတ်ထင်ထင် သတိတရရှိပါတယ်။ ဆောင်းပါးအမည် က 'အယူအဆ၊ အတွေးအမြင်' တဲ့။ ၁၉၈၄ ခု၊ ဒီဇင်ဘာလ ထုတ် အတွေးအမြင်စာစဉ်–၂ ဖြစ်တဲ့ 'ငယ်သော်လှ၏ အတွေးအမြင်' စာအုပ် စာမျက်နှာ ၃၀၅ မှာ ပါပါတယ်။ ကျွန်တော် ဖတ်ပြပါရစေ။ ကဲ နားထောင်။

*'ကျွန်တော်က မတောင်းလျှင်၊ ဘယ်မဂ္ဂဇင်း၊ ဘယ် စာစောင်မျှ၊ ပေးလေ့မရှိ၊ တောင်းတိုင်းလည်း ပေးသည်တော့ မဟုတ်၊ ထုတ်ဝေသူ သို့မဟုတ် အယ်ဒီတာကို ယုံကြည်မှ ပေးဖြစ်သည်က များသည်။*

*ကျွန်တော်၏ ဝတ္ထုဆောင်းပါး၊ ကဗျာ စသည်ကို အယ်ဒီတာက သူနှင့် အယူအဆချင်းမတူ၍ ပယ်သည် ဆိုလျှင် ယင်းအယ်ဒီတာလုပ်သော မဂ္ဂဇင်းကို နောက်ထပ် မပေးဖြစ်တော့ပါ။ လူချင်းခင်မင်တာနှင့် မဆိုင်၊ လူတိုင်း မိမိအယူအဆနှင့် မိမိ၊ မိမိယုံကြည်ချက်နှင့် မိမိရှိရမည်သာ။*

mgyoe.com

mgyoe.com



*အယ်ဒီတာသည် သူ့အယူအဆနှင့် သူလုပ်ပိုင်ခွင့်ရှိသည်။ စာရေးဆရာဘက်ကလည်း သူ့အယူအဆနှင့် သူ၊ သူ့ယုံကြည်ချက်နှင့်သူ ရပ်ပိုင်ခွင့်ရှိသည်။ အယ်ဒီတာက ပယ်ပိုင်ခွင့်ရှိသလို စာရေးဆရာကလည်း မပေးဘဲ နေနိုင်ခွင့်ရှိသည်ဟု ကျွန်တော်က ယူဆသည်။*

*ကျွန်တော့်စာမူပေးလျှင် တစ်ခုမှာထားရသည်၊ မကြိုက်လျှင် ပယ်နိုင်သည်။ မပြင်မဖြုတ်ပါနှင့်၊ ပြင်ချင်လျှင် ပြောပါ။ ပြင်နိုင်တာ ပြင်ပေးမည်။ စကားလုံးလည်း ပေးမည်။ ဆိုလိုရင်းအဓိပ္ပာယ်ပျက်လျှင်တော့ မပြင်နိုင်ပါ။ အစိုးရထိခိုက်တာ၊ ဆန့်ကျင်တာဟု အယ်ဒီတာယူဆတာ (ကျွန်တော်က မယူဆသော်လည်း) ဆိုလျှင်လည်း ပြင်ပေးမည်၊ အယူအဆကိုတော့ အဆုံးရှုံးမခံနိုင်ပါ။*

အတွေးအခေါ် ခိုင်မာလျှင်၊ ယုံကြည်ချက်၊ ပြတ်သားလာမည်။ ယုံကြည်ချက်ပြတ်သားပြီဆိုလျှင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားမည်။ ဤကား သဘာဝတရားဖြစ်သည်။ အတွေးအခေါ်မခိုင်မာလျှင် ယုံကြည်ချက်လည်း ခိုင်မာမည်မဟုတ်၊ ပြတ်သားမည်မဟုတ်၊ တွေဝေယိမ်းယိုင်မည်။ ခုတစ်မျိုး၊ ခုတစ်မျိုးဖြစ်မည်။

၁၉၈၄ ခုနှစ်က ရေးခဲ့ကြတဲ့ 'နတ်နွယ်' ရဲ့ မိမိနဲ့ ဒဂုန်တာရာ' ဆောင်းပါးနဲ့ ဒဂုန်တာရာရဲ့ 'အယူအဆ၊ အတွေးမြင်' ဆောင်းပါးနှစ်ပုဒ်ကို ယှဉ်ဖတ်ကြည့်လိုက်တော့ အင်မတန် စိတ်ဝင်စားစရာ ကောင်းနေပါရောလား။

## (၃)

ကျွန်တော့်တူလေး စောစစ်နိုင်ကို သီတင်းကျွတ်ကျောင်းပိတ်ရက် အောက်တိုဘာမှာ တူလေးခေါ်ပြီး ရန်ကုန်ဆင်းခဲ့ပါတယ်။ အကြောင်းကတော့ ကျွန်တော့်ရဲ့ ခွဲစိတ်ကုသခံယူထားတဲ့ အာရုံကြောနဲ့ ကွယ်မတတ်ဖြစ်ခဲ့တဲ့ ညာ

mgyoe.com

mgyoe.com

ဘက်မျက်လုံးကို ဆေးစစ်ဖို့ တစ်နှစ်တစ်ကြိမ်လောက် ရန်ကုန်ကို မဖြစ်မနေဆင်းပြီး ပြရတာပါ။ အဲဒီမှာ တစ်နေ့ ဆရာလေး ဒေါက်တာတင်စံဦးရယ်၊ ကိုထက်မြက်ရယ်၊ ကျွန်တော့တူလေး စောစစ်နိုင်ကိုရယ်၊ ကျွန်တော်ရယ် ၄ ဦးသား ၃၄ လမ်းထဲ ရောက်လာတယ်။ အဲဒီမှာ ကိုထက်မြက်က နွယ်နီမဂ္ဂဇင်းတိုက် လိုက်ခဲ့ပါလား၊ ခဏဝင်ပြီး စာမူ ပေးလိုက်ဦးမယ်ဗျာဆိုလို့ တက်လိုက်သွားတယ်။ ပိန်ပိန် သွယ်သွယ်၊ ခပ်အေးအေး လူတစ်ယောက်ထိုင်နေတယ်။ ကျွန်တော်တို့ ဝင်သွားကြတော့ ထိုင်ကြဗျာဆိုလို့ 'နွယ်နီ' အယ်ဒီတာစားပွဲရှေ့မှာ ဝင်ထိုင်လိုက်ပါတယ်။ ကိုထက်မြက် က 'ဆရာနတ်' ဒါမန္တလေးက ကဗျာဆရာမောင်နွေထက်ပါ' လို့ မိတ်ဆက်ပေးလိုက်တော့ ချက်ချင်းပဲ နတ်နွယ်က 'နွယ်နီ အတွက် ကဗျာပါရင် ပေးခဲ့ပါဗျာ' ကျွန်တော် တော်တော် အံ့သြသွားပါတယ်။ အယ်ဒီတာနတ်နွယ်ကိုယ်တိုင်က တောင်းတော့ ကျွန်တော် ဝမ်းလည်းသာသွားတယ်။ ဒါနဲ့ အသင့်ပါလာတဲ့ ကဗျာတစ်ပုဒ်ကို တလေးတစားနဲ့ ပေးလိုက် တော့ ချက်ချင်းဖတ်ကြည့်ပြီး ကဗျာထဲက စာကြောင်း ၃ ကြောင်း ထောက်ပြတယ်။ ဩော် ... အယ်ဒီတာကောင်း တစ်ယောက် ပီသတဲ့ နတ်နွယ်ပါလားဆိုတာ ကျွန်တော် ကောက်ချက်ချလိုက်ပါတော့တယ်။ ဟုတ်ပါတယ်။ ကျွန်တော့် ကဗျာတစ်ပုဒ်လုံးမှာ အားစိုက်ထားတဲ့အပိုဒ်ကို တစ်ခါတည်း၊ တစ်ကြိမ်တည်းဖတ် ဆုံးဖြတ်ပုံကြည့်ပြီး အံ့သြနေမိပါတယ်။ ကျွန်တော်လည်း ဒါနဲ့ နောက်တစ်ပုဒ် 'ပန်းရထား' ဆိုတဲ့ ကဗျာကို ပေးခဲ့ပါတယ်။ ဟော နောက်တစ်လ နွယ်နီမှာ မှတ်သုန်ရဲ့ သရုပ်ဖော်ပုံနဲ့ ပါလာပါတော့တယ်။ ဒီလိုနဲ့ ကျွန်တော်နွယ်နီမှာ ကဗျာရေးဖြစ်သွားပါတော့တယ်။

နောက် မန်လည်ဆရာတော်ဘုရားကြီးရဲ့ မဃဒေဝ လင်္ကာသစ်ကျမ်းမြတ်ကြီး နှစ် ၁၀၀ ပြည့် ပွဲတော်ကြီးကို

mgyoe.com

mgyoe.com



အင်းတော်မြို့နယ်က မန်လည်မှာ ကျင်းပပါတယ်။ အဲဒီမှာ ကျွန်တော် မောင်နွေထက်ရယ်၊ ချစ်ဦးညိုရယ်၊ နေဝင်းမြင့်ရယ်၊ သန်းဝင်းရယ် လေးယောက် ဟောပြောခဲ့ကြပါတယ်။ အဲဒီကအပြန် 'အင်ကြင်းမန်လည်ကဗျာနေ့' ကဗျာရှည်ကြီးကို နွယ်နီပို့လိုက်တော့ နောက်တစ်လမှာ အော့ဖဆက်လေးရောင်ခြည်နဲ့ ခမ်းနားစွာ ဖော်ပြခံခဲ့ရတာကို ကျွန်တော် အံ့သြကြည်နူးစွာ လှန်ဖတ်ကြည့်နေမိတာ ဒီနေ့အထိပါပဲ။ နွယ်နီမဂ္ဂဇင်းမှာ နောက်ဆုံးဆရာနတ်နွယ် ကိုင်သွားတော့ နွေဦးငှီကာ ကဗျာအထိ ပယ်ခြင်းမရှိ ရွေးချယ်ဖော်ပြခဲ့တဲ့ အယ်ဒီတာကောင်းတစ်ယောက် ဖြစ်ပါတယ်။ မြန်မာပြည်မှာ အယ်ဒီတာကောင်း ရှားပါတယ်။ ရှားပါးတဲ့ အယ်ဒီတာကောင်းထဲမှာ နတ်နွယ်ဟာ အယ်ဒီတာကောင်းတစ်ယောက် ဖြစ်ပါတယ်။

လူငယ်တွေအပေါ် တန်ဖိုးထားတဲ့ နတ်နွယ်ရဲ့စိတ်ဓာတ်ကို ထင်ဟပ်ပြတဲ့အပြောကိုလည်း ကျွန်တော် ထုတ်ပြပါရစေ။ ဟောဒီမှာ ဖတ်ကြည့်။

"ကျွန်တော်တို့က လူငယ်တွေရဲ့ အတွေးအခေါ်ကို ဖွင့်ပေးတဲ့ မဂ္ဂဇင်းတစ်စောင်လိုချင်တယ်။ လိုချင်တော့ စုံထောက်မဂ္ဂဇင်းကို အသွင်ပြောင်းတယ်။ ကဗျာတွေ စထည့်လာတယ်။ ပါတဲ့ကဗျာတွေကလည်း ရှုမဝတို့၊ မြဝတီတို့မှာပါတဲ့ ကဗျာတွေနဲ့ မတူဘူး။ လမ်းခွဲလာတယ်။ နိုင်ငံရေးအတွေးအခေါ်တွေလည်း ဝင်လာတော့ စုံထောက်မဂ္ဂဇင်းမှာပဲ ကျွန်တော်တို့၊ ဗီယက်နမ်စစ်ကို အားပေးတဲ့ကဗျာတွေ၊ တောင်အာဖရိက အသွေးအရောင်ခွဲခြားရေးကို ဆန့်ကျင်တဲ့ ကဗျာတွေ၊ နိုင်ငံတကာ ကဗျာတွေထည့်ပြီး ပြောင်းယူသလို ဖြစ်သွားတယ်"

"မိုးဝေစာပေမဂ္ဂဇင်းအဖြစ် ပြောင်းလဲလိုက်တယ်"

၁၉၈၈ ခု၊ ဇူလိုင်လထုတ် 'ရင်ခုန်ပွင့်' ထဲက 'မိမိ၏

mgyoe.com

mgyoe.com



အခြားတစ်ဖက်' အမည်ရှိတဲ့ ဆောင်းပါးထဲမှာ –

အယ်ဒီတာအလုပ်က စာပေရေးသားမှုကို အားလျော့စေတယ်။ ခရီးသွားလာမှုကိုလည်း ချုပ်ကိုင်ထားတယ်လို့ ဆိုခဲ့ပါတယ်။ ဘာပဲပြောပြော နတ်နွယ်ဟာ အယ်ဒီတာကောင်းတစ်ယောက်ပါ။ (ဒီရင်ခုန်ပွင့်ဆောင်းပါးကို နောက်မှ ဆက်လက်တင်ပြပါဦးမယ်)။

နတ်နွယ်ပြုစုခဲ့တဲ့ ကမ္ဘာ့ဝတ္ထုအညွှန်း စာအုပ်ကလည်း အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ စာအုပ်ဖြစ်ပါတယ်။ ကမ္ဘာ့ဝတ္ထုတွေ လေ့လာသူတွေအတွက် အင်မတန် တန်ဖိုးကြီးပါတယ်။ ဒီလိုကျမ်းမျိုးတွေ ဆက်လက်ပြုစုပေးနိုင်ပါစေလို့ ဆန္ဒပြုတိုက်တွန်းခဲ့ပါရစေ။

(၄)

၂၀၀၆ ခု၊ မေလက 'မနေ့တစ်နေ့က ရွာတဲ့မိုး' စာအုပ်ကလေး ဒုတိယအကြိမ် ပြန်ထွက်လာတယ်။ ကျွန်တော် အံ့အားမသင့်တော့ပါဘူး။ ဒါ နတ်နွယ်ရဲ့ လွတ်လပ်စွာ လုပ်ပိုင်ခွင့်၊ ရေးပိုင်ခွင့်ပဲလို့ ကျွန်တော် နားလည်လိုက်ပါတယ်။

နောက် ၂၀၀၇၊ မေလက ပထမအကြိမ် ထွက်လာတဲ့ မနေ့တစ်နေ့က တိုက်တဲ့မုန်တိုင်းစာအုပ် ထွက်လာတယ်။ ရင်ခုန်ပွင့်မှာပါခဲ့တဲ့ မိမိ၏အခြားတစ်ဖက် ဆောင်းပါးက စိတ်ဝင်စားစရာပါပဲ။ ရှာဖွေပြီး ဖတ်ရှုကြည့်ကြစမ်းပါလို့သာ ကျွန်တော် လက်တို့ပါရစေ။ ဒီစာတွေဟာ 'မိမိနှင့် ဒဂုန်တာရာ ကိစ္စတွေအကြောင်း' ရေးထားလို့ပဲ ဖြစ်ပါတယ်။ ထား။

၁၉၃၃ ခု၊ ဖေဖော်ဝါရီ ၁ ရက်နေ့က မွေးဖွားခဲ့တဲ့ နတ်နွယ်ဟာ ခု ၂၀၀၉၊ ဖေဖော်ဝါရီ ၁ ရက်နေ့က အသက် ၇၆ နှစ် ရှိပြီဖြစ်ပါတယ်။ (တကယ်က နတ်နွယ်ဟာ ကျွန်တော်တို့အဖေအရွယ် သက်ရှိထင်ရှားရှိနေတဲ့ ကျွန်တော့်

mgyoe.com

mgyoe.com



အဖေအရွယ်ပါလား)။ အသက်အရွယ် ကြီးရင့်လာသလို အတွေ့အကြုံလည်း ကြီးရင့်လာရောပေါ့။ နတ်နွယ်က သူ တောအကြောင်း၊ တောင်အကြောင်း ခေါင်းတပ်ထားတဲ့ မိမိနှင့် စာရေးဆရာများ စီးရီးထဲမှာ ဒဂုန်တာရာထက် ၁၄ နှစ်ငယ်တယ်လို့ ဖော်ပြထားပါတယ်။

ရာပြည့်စာအုပ်တိုက်က ၁ ဖေဖော်ဝါရီ ၂၀၀၀၊ နတ်နွယ် ၆၇ နှစ်အရွယ်က ထုတ်ဝေခဲ့တဲ့ စာမျက်နှာ ၄၄၀ ရှိတဲ့ မိမိနှင့် စာရေးဆရာများ စာအုပ်ကြီးထဲမှာ လုံးဝ မပါရှိသေးတဲ့ မြန်မာခေတ်ပေါ်ကဗျာဆရာ မောင်လေးအောင် အကြောင်း ရေးစမ်းပါဦးလို့ တိုက်တွန်းအကြံပြုပါရစေ၊ နတ်နွယ်ရေးတဲ့ မောင်လေးအောင် အကြောင်း ဖတ်ချင်စမ်းပါဘိ။

၂၀၀၇၊ ဇန်နဝါရီလက စာမျက်နှာ ၉၃၆ မျက်နှာရှိတဲ့ မင်းကျော်နဲ့ နတ်နွယ်တို့ နှစ်ဦးပေါင်း ပြုစုခဲ့ကြတဲ့ ကိုးထောင်ကျပ် (၉၀၀၀ိ) တန် မြန်မာဝတ္ထုအညွန်းပေါင်းချုပ် ကျမ်းကြီးကလည်း မြန်မာစာပေလောကမှာ အင်နဲ့အားနဲ့၊ ထုနဲ့ထည်နဲ့ ဝတ္ထုတွေ ကျက်သရေရှိလှပါတယ်။

မိုရေးဗီးယား ဝတ္ထုပေါင်းချုပ်လို၊ ဂျက်လန်ဒန်ဝတ္ထုတို ပေါင်းချုပ်လို၊ ရောမက မိန်းမပျက်လို၊ ကရာမာဆော့ ညီအစ်ကိုများလို၊ မိုဗီဒစ်လို ကမ္ဘာ့ဝတ္ထုကောင်းတွေကို ဘာသာပြန်ပေးတဲ့အတွက်လည်း ကျေးဇူးတင်စရာကောင်းပါတယ်။

ဒီနေ့ ဒီကာလမှာ ဒဂုန်တာရာက 'ရန်သူမရှိ မိတ်ဆွေသာရှိ'၊ 'မုန်းသူမရှိ ချစ်သူသာရှိ'၊ 'နိုင်ငံရေးလုပ်တယ်ဆိုတာ ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်တာ' လို့ ဒဂုန်တာရာက သူ့အယူအဆ၊ သူ့ယုံကြည်မှုကို ပွင့်ပွင့်လင်းလင်းနဲ့ ရဲရဲတင်းတင်း တင်ပြနေတဲ့ကာလပါ။ လွတ်လပ်စွာ သဘောကွဲလွဲပိုင်ခွင့်ကို ယုံကြည်နေတဲ့ ဒဂုန်တာရာပါ။ ငြိမ်းချမ်းရေးကို ထာဝရချစ်မြတ်နိုးနေတဲ့ ဒဂုန်တာရာကို။ နတ်နွယ်က

mgyoe.com

mgyoe.com



သူ့အင်တာဗျူးတစ်ခုမှာ ‘ဒဂုန်တာရာရဲ့ကျေးဇူး ကျွန်တော်တို့အပေါ်မှာ ရှိပါတယ်’ လို့ဆိုတဲ့စကားကို ကျွန်တော် မဂ္ဂဇင်းတစ်ခုမှာ မှတ်မှတ်ထင်ထင် ဖတ်ရှုလိုက်ရပါတယ်။

နတ်နွယ်ဟာ

မနေ့တစ်နေ့က ရွာတဲ့မိုး

မနေ့တစ်နေ့က တိုက်တဲ့မုန်တိုင်း

ဆက်ထွက်လာမယ့် မနေ့တစ်နေ့က ဝေတဲ့နှင်းလို့ နာမည်တွေကို အင်မတန် ကြိုက်မက်ရာပုံပေါ်ပါတယ်။ ဒါကြောင့် ဒီစာတမ်းငယ်လေးလို မနေ့တစ်နေ့က နတ်နွယ်လို့ အမည်ပေးလိုက်ပါတယ်။ ဟုတ်ကဲ့ ... မနေ့တစ်နေ့က နတ်နွယ်။

မောင်နွေထက်

(နှင်းဆီဝါကဗျာစားပွဲကလေးဘေးမှာ)

ရုပ်ရှင်တေးကဗျာ၊ မေ၊ ၂၀၁၀။

mgyoe.com

mgyoe.com

# မနေ့တစ်နေ့က
## ရွာတဲ့မိုး

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စိန်ပွင့်များ၊ မိုးသောက်ကြယ်၊ နေမင်းနီ

(က)

ညသည် ငွေနှင်းဖြူဖြူများ ဖျန်းပက်ထားသော်လည်း ရီမှုန်မှိုင်းပျ လျက်ရှိသည်။ သွားရမည့်လမ်းခရီးကို ပြက်ပြက်ထင်ထင် မတွေ့မြင်ရ။

နှင်းသက်လေပြင်းသည် ဟူးဟူးရားရား တိုက်ခက်လျက်ရှိသည်။ တောသုံးထောင်သည် သည်းထန်စွာ ညည်းရှိုက်နေသည်။ တိုက်ပွဲအဟုန် ပြင်းထန်နေသော စစ်တလင်းနှယ်။

ဟော နားထောင်ကြစမ်း။

လွမ်းမောဆွတ်ပျံ့ဖွယ်ရာ တေးသံများပါလား။ ပါးကွက်အာဏာ သား၏ ဓားအောက်တွင် ရီဝေသော မျက်လုံးများဖြင့် အနန္တသူရိယ၊ မီးပုံအေား တွင် ချမ်းခိုက်ခိုက်တုန်နေသော လက်ဝဲသုန္ဒရ၊ စစ်မြေတွင် မျက်ရည်များ လျှမ်းဝေနေသော ကျွန်ုပ်တို့၏ဘုရင်ကြီး နတ်ရှင်နောင်၊ ညဥ့်သုံးယံတွင် သည်းဘဝင်လှိုက်ကျွမ်းနေသော လှိုင်၊ ဘုန်းတော်ကြီးကျောင်းများမှ လွင့်ပျံလာသော ရွှေနန်းတော်ဘွဲ့များ –

ဟော ဟော ကျည်ကျည်လောင်လောင် အသံတွေပါလား၊ ယုန်လိုက် သူ၊ ဖားရိုက်သူ၊ တောနေတောင်သား လယ်သမားတွေပါလား၊ ဝန်ကြီး ပဒေသရာဇာကိုး။

သေသော်မှတည့် အော်ကောင်း၏ တဲ့။ ဆီးဘန်းနီဆရာတော်၊ အညာ မင်္ဂလာဆောင်၊ ဘွိုင်းကောက်ဋီကာ၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း။

ကြွေးကြော်သံများ၊ သေနတ်သံများ။

mgyoe.com

mgyoe.com

ကံ့ကော်တောမှ 'ခေတ်စမ်း'၊ မြို့လယ်မှ 'နဂါးနီ'၊ တပဟီတီကျွန်းမှ 'တာရာ'။

ဟော တော်လှန်ပြည်သူများရဲ့ ဘဝဂ်လျှံသော တောင်းဆိုသံ၊ တော်လှန်စာပေ၊

(ခ)

နတ်တော်လ၏ ညများ။

ရိုမှုန်မှိုင်းပျနေသည်။ နှင်းသက်လေပြင်းသည် တဟည်းဟည်း၊ ဟော စိန်ပွင့်များ၊ ပြီးတော့ မိုးသောက်ကြယ်၊ ကောင်းကင်ပြင်သည် ပန်းနုသွေးဝင်လာသည်။

ဟော ရဲရဲနီလာပြီ၊ ထိန်ထိန်လင်းလာပြီ၊ စိန်ပွင့်များ မရှိတော့။

ရဲရဲနီသော နေမင်းကြီး။

[မိုးဝေစာပေမဂ္ဂဇင်းခေါင်းကြီး၊ ၁၉၇၁ ဒီဇင်ဘာ]

mgyoe.com

mgyoe.com

# မီးပုံကြီးနှင့် အနီးအဝေး

ကျွန်ုပ်တို့သည် ခေတ်တစ်ခေတ်၏ စာပေကို အကဲဖြတ်လိုလျှင် ထိုခေတ်၏ အခြေအနေများနှင့် ဆက်စပ်ချိန်ထိုး၍ အကဲဖြတ်ရပေမည်။ အထူးသဖြင့် အတိတ်ကာလစာပေကို အကဲဖြတ်ရာတွင် ယင်းခေတ်ကာလနှင့် ကိုက်ညီရပေမည်။ ယနေ့ အခြေအနေ ယနေ့အမြင်နှင့် ဝေဖန်သုံးသပ်ခြင်း တန်ဖိုးဖြတ်ခြင်းပြုလျှင် တရားမည် မဟုတ်ချေ။

စာပေသည် ခေတ်၏ကြေးမုံဟု ဆိုထားသည်မဟုတ်ပါလား။ စာပေတစ်ရပ်သည် ယင်းပေါက်ဖွားရာခေတ်ကိုသာ ကိုယ်စားပြုဖော်ကျူးရပေလိမ့်မည်။

ခေတ်တစ်ခေတ်တွင် အလုပ်သမား၊ လယ်သမားနှင့် ကျောင်းသားလှုပ်ရှားမှုများရှိခဲ့လျှင် ယင်းခေတ်စာပေတွင် ယင်းလှုပ်ရှားမှုများ၏ အရောင်များ ထင်ဟပ်နေသည်ကို တွေ့ကြရပေလိမ့်မည်။ လှုပ်ရှားမှုပမာဏနှင့် အရှိန်အဟုန်ကြီးမားလေ ထင်ဟပ်မှု အတိုင်းအတာများ ကြီးမားလေ ဖြစ်ရပေမည်။

ပုံစံပြရလျှင် မီးပုံရှိလျှင် အလင်းရောင်ထင်ဟပ်မှု ရှိပေလိမ့်မည်။ မီးပုံသေးငယ်လျှင် ကျွန်ုပ်တို့၏ စာမျက်နှာများပေါ်တွင် ထင်ဟပ်သော အရောင်သည် လဲ့လဲ့ကလေးသာ ဖြစ်ပေမည်။ မီးပုံကြီးမားလျှင် စာမျက်နှာများ ခြင်းခြင်းနီနေပေလိမ့်မည်။ မီးရောင်လုံးဝမရှိလျှင်ကား အမှောင်ဖုံးသော ခေတ်ဖြစ်ပေလိမ့်မည်။

တစ်ခုတော့ရှိသည်။ ခေတ်တစ်ခေတ်တွင် အလျှံညီးသော မီးပုံကြီးရှိပါလျက် စာမျက်နှာများ မည်းမှောင်နေလျှင် သို့မဟုတ် ပန်းနုရောင်ကလေး

mgyoe.com

mgyoe.com

မျှသာ သန်းနေလျှင်ကား၊ ယင်းစာမျက်နှာများသည် မီးပုံကြီးအနီးတွင် မရှိဘဲ ဝေးရာအရပ်တွင် သီးသီးခြားခြား အေးအေးချမ်းချမ်း ရှိနေသောကြောင့် ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ခေတ်စမ်းစာပေကို ကြည့်လိုလျှင် ထိုခေတ်က မီးတုတ်များကို အရင်ကြည့်ရပေလိမ့်မည်။ တာရာမဂ္ဂဇင်းကို ကြည့်လိုလျှင် ၁၉၄၆ မှ ၁၉၄၉ အတွင်း ထိန်ထိန်ညီးညီး တောက်လောင်လျက်ရှိသော နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေးနှင့် ဆိုရှယ်လစ်ရေးလမ်းကြောင်းမီးပုံကြီးကို အရင်ကြည့်ရပေလိမ့်မည်။

ကျွန်ုပ်တို့၏ စာမျက်နှာများသည် တော်လှန်ရေး မီးတောက်မီးလျှံနှင့် အဘယ်မျှ နီးခဲ့သည်၊ ဝေးခဲ့သည်ကို ဆက်လက်လေ့လာကြဦးစို့။

[မိုးဝေစာပေမဂ္ဂဇင်းခေါင်းကြီး၊ ၁၉၇၂၊ ဇန်နဝါရီ]

❑

mgyoe.com

mgyoe.com

# ကာရန်မဲ့ကဗျာ

နွေလား မိုးလား ဆောင်းလား မကွဲပြား။ နေ့လား ညလား မသိ။ မနေ့ကလား ကနေ့လား မနက်ဖြန်လား မကွဲပြား။ အိပ်မက်ဖြစ်သည်တော့ အမှန်။

အိပ်မက်တို့ထုံးစံအတိုင်း အစ၊ အလယ်၊ အဆုံးရယ် မဟုတ်။ ရှေ့နှင့် နောက် အဆက်အစပ်မရှိ။ သတင်းစာကို ဖြန့်လိုက်လျှင် တောင်သတင်း၊ မြောက်သတင်းများကို ရောထွေးယှက်တင် တွေ့ရသကဲ့သို့ပင်။

ပထမဆုံး မြင်မက်သည်ကတော့

တံခါးမရှိပါ။ သို့သော် တံခါးခေါက်သံ ကြားရသည်။ ကျွန်တော် အားယူ၍ ကြည့်လိုက်သည်။ မိုးပြာပြာအတွင်းမှ လူနှစ်ယောက် ထွက်လာသည်။ မျက်နှာများကို သဲကွဲစွာ မမြင်ရ။ ရေညှိရောင် ဘန်ကောက် လုံချည်နှင့် ချောကလက်ရောင် မီနီစကပ်တို့ကို တွေ့မြင်ရသဖြင့် မြန်မာအမျိုးသားတစ်ဦး နှင့် နိုင်ငံခြားသူတစ်ဦးတို့ ဖြစ်မည်ဟု ခန့်မှန်းရသည်။

ကျွန်တော်က တောင်ကမူတစ်ခုတွင် ထိုင်နေရာမှ ထလိုက်သည်။ အောက်ဘက်တွင် သွေးတွေ၊ သေနတ်တွေ၊ အလောင်းတွေ။ အဝေးတွင် အလံနီတစ်ခု တလူလူလွင့်နေသည်။ ရုတ်တရက် နောက်ခံတေး ထွက်ပေါ်လာသည်။

"အခုတီးနေတာ ဇေလာ့ဝပေါ့"

ဝင်လာသူက ပြောသည်။ သည်တော့မှ ကျွန်တော် သူတို့ကို သတိရသည်။

mgyoe.com

mgyoe.com


"ထိုင်ကြပါ"

သူတို့ထိုင်သည်။ ဘာပေါ်တွင် ထိုင်ကြသည်တော့ မသိ။ သူတို့အောက်တွင် ကုလားထိုင် မရှိ။

"ခင်ဗျားတို့ ဒီအပြာထဲက ထွက်ခဲ့ကြတာလား"

"ဟုတ်ပါတယ်၊ ဝေ့ဒစ္စနေ အပြာထဲကပါ"

ဘန်ကောက်ရှင်က ယဲ့လျလျဖြေသည်။

"နေပါဦး၊ ခင်ဗျားက ဘန်ကောက်လုံချည်ကြီးနဲ့ဆိုတော့ ဆရာကြီး ဒဂုန်တာရာဆိုတာလား"

"မြန်မာပြည်မှာ လူတိုင်း ဘန်ကောက်လုံချည် ဝတ်နိုင်ပါတယ်"

"ဩော် ဟုတ်ကဲ့"

"ကျုပ်လာတာက သူ့ကို လိုက်ပို့တာပါ"

သူက ပြောသဖြင့် ကျွန်တော်က နိုင်ငံခြားသူကို ကြည့်သည်။ အမျိုးသမီး၏ကိုယ်တွင် အနီစက်များ စွန်းထင်းနေသည်။

"ခင်ဗျားကိုယ်မှာ သွေးတွေပါလား"

"ဟုတ်ပါတယ်၊ အောက်တိုဘာ တော်လှန်ရေးတုန်းက စွန်းခဲ့တာပါ။ ခဝါပေးတာ အကြိမ်ကြိမ်ရှိပါပြီ။ အခုထက်ထိ မကျွတ်ဘူး။ ဒါပေမဲ့ နောက်သုံးလေးခါလောက် ခဝါထပ်ပေးလိုက်ရင်တော့ ကျွတ်သွားမှာပါ"

"ဒါနဲ့ နေပါဦး၊ ခင်ဗျားက ဘယ်သူလဲ။ အောက်တိုဘာ တော်လှန်ရေးတုန်းက သွေးစွန်းခဲ့တာဆိုတော့ ရုရှားအမျိုးသမီးနဲ့ တူတယ်။ မလှကြော့ဆိုတာလား"

"အို မဟုတ်ပါဘူး၊ ကျွန်မက မြန်မာကဗျာတွေကို လေ့လာနေတဲ့လူပါ။ ကျွန်မမိတ်ဆွေတွေက ကျွန်မကို 'မေ' လို့ နာမည်ပေးထားပါတယ်"

"ဩော်၊ ဩော်၊ မေဆိုတာ ရုပ်ရှင်မင်းသမီးလည်း ဖြစ်ပါတယ်။ ဒဂုန်တာရာရဲ့ ဝတ္ထုလည်း ဖြစ်ပါတယ်"

"ရုပ်ရှင်မင်းသမီး မေက နောက်မှဖြစ်တာပါ။ ဝတ္ထုမေက အများကြီး စောပါတယ်"

ဘန်ကောက်ရှင်က ပြောသည်။

"ဒါနဲ့ ကျွန်တော်နဲ့တွေ့ရအောင် လာတဲ့ကိစ္စပြောပါဦး"

mgyoe.com

mgyoe.com


"ကာရန်မဲ့ကဗျာအကြောင်း သိချင်လို့ပါ"

"ဒါဆိုရင်တော့ ဝမ်းနည်းပါတယ်။ ကျွန်တော် ဘာမှမသိပါဘူး"

"အို ရှင့်လူတွေ ရေးနေတာ ကာရန်မဲ့ကဗျာတွေ မဟုတ်ဘူးလား"

"ကျွန်တော့်ရဲဘော်တွေဟာ ကဗျာဆရာတွေပါ။ သူတို့ဟာ ကနေ့ မြန်မာစာပေလောကမှာ ကဗျာကို အင်နဲ့အားနဲ့ ရေးနေကြတဲ့လူတွေ ဖြစ်ပါတယ်။ ကဗျာကို တိုက်ပွဲလက်နက်အဖြစ် လက်ခံထားကြပါတယ်။ သူတို့ရဲ့ ကဗျာလက်နက်ကို ထက်မြက်အောင် မပြတ်အားထုတ်နေကြပါတယ်။ ဒါကြောင့်မို့လည်း သူတို့ရဲ့ ကဗျာတွေကို ပြည်သူက အသိအမှတ် ပြုလာတယ်။ လက်ခံလာတယ်။ ဒါနဲ့တစ်ပြိုင်တည်းမှာပဲ အစဉ်အလာသမားတွေ၊ ဖောက်ပြန်ရေးသမားတွေက ဖျက်ဆီးနှောင့်ယှက်ကြတယ်။ ကာရန်မဲ့ကဗျာ ဆိုတာလည်း အစဉ်အလာသမားတွေနဲ့ ဖောက်ပြန်ရေးသမားတွေရဲ့ စကားလုံးပါပဲ။ အခုဟာက သူတို့ဖဲထုပ်ကို သူတို့ဟာသူတို့ ချိုးပြီး သူတို့ဟာ သူတို့ ဝေနေကြတာပါ"

ခြောက်ကပ်သော ရယ်မောသံကြီး ကြားရသည်။ ကျွန်တော် ဆတ်ခနဲ ကြည့်လိုက်ရာ ဘန်ကောက်လုံချည်ရှင်သည် ဆရာ မင်းအောင် ဖြစ်နေသည်။

"အောင်မာ ကျွန်တော်က ဘန်ကောက်လုံချည်ကြီးနဲ့ဆိုတော့ ဒဂုန်တာရာ မှတ်နေတာ။ လက်စသတ်တော့ ဆရာ မင်းအောင်ကိုး။ ဆရာက လည်း ကဗျာအကြောင်းတွေ ဘာတွေ ရေးလို့ပါလား"

သို့သော် ထိုလူသည် ကျွန်တော်ထင်သလို ဆရာမင်းအောင် မဟုတ်ပါ။ သေသေချာချာ ကြည့်တော့မှ ဆရာမောင်ထင်ဖြစ်နေသည်။ သို့ဖြင့် ကျွန်တော်က

"ဆရာတို့ကတော့ စွယ်စုံကျော်ထင်ပဲ။ ဝတ္ထုဆိုလည်း ဆရာတို့ပဲ။ သိပ္ပံဆိုလည်း ဆရာတို့ပဲ။ ဘာသာပြန်ဆိုလည်း ဆရာတို့ပဲ။ ဟော အခု ကဗျာဆိုလည်း ဆရာတို့ပဲ ရှေ့တန်းက ရပ်ရတာပဲ။ ဒါကြောင့်မို့လည်း ဆရာတို့ကို လူငယ်တွေက ပြောကြတာပဲ"

"ဟော့ လူငယ်တွေက ငါ့ကို ဘယ်လိုပြောသလဲ"

သူက ထိုသို့ပြောပြီး တစ်ဖက်သို့ လှည့်သွားသည်။ နောက်စေ့ချွန်းချွန်း ပြောင်ပြောင်ကလေးကို မြင်ရသောအခါ ဟယ် ဘယ်ကလာ ဆရာမောင်ထင်

mgyoe.com

mgyoe.com

ဟုတ်ရမှာလဲ၊ သတင်းစာပင်တိုင် ဆောင်းပါးရှင်ပဲ။ ထိုအခါ ကျွန်တော်က ရှေ့လောတကြီးဖြင့်

"ဆရာ့ဆောင်းပါးက တယ်လက်သံပြောင်ပါလား။ ကဗျာလုလင်ယယ် ကလေးတွေကိုလည်း ပယ်ပယ်နယ်နယ်၊ မန္တလေးကိုလည်း ပယ်ပယ်နယ် နယ်ပဲ"

ထိုလူက ကျွန်တော့်ဘက် မျက်နှာပြန်လှည့်သည်။ ပင်တိုင်ဆောင်းပါး ရှင် မဟုတ်ပါ။ ဘုရား ဘုရား နှုတ်ခမ်းမွေး ကားကားကြီးနှင့် နှင်းဆီခိုင်ကြီး ဝင်းဦးပါလား။

"ခင်ဗျား ခင်ဗျားကော ကဗျာ ရေးဦးမလို့လား"

"ဟဲ ဟဲ ဟဲ"

မခိုးမခန့် ရယ်မောသံ ထွက်ပေါ်လာသည်။ ဘန်ကောက်ရှင်သည် စောစောကအတိုင်း ထိုင်မြဲထိုင်နေသည်။ မျက်နှာကို မမြင်ရ၊ ဝင်းဦးလည်း ဟုတ်ဟန်မတူ။ ဘယ်သူမှန်း မသဲကွဲ။

"ဟော့လူ ခင်ဗျား ဘယ်သူလဲ"

ကျွန်တော်က တအားအော်လိုက်သည်။ သူက မဖြေ။ ထိုအခါ ကျွန်တော်က နိုင်ငံခြားအမျိုးသမီးဘက်သို့ လှည့်လျက်။

"ဘယ်လိုလဲ မစ္စမေ၊ ခင်ဗျားမိတ်ဆွေက ဘယ်သူလဲ"

"စာရေးဆရာလို့ ပြောတာပဲ။ မိန်းမ မရှိဘူးလို့လည်း ပြောတာပဲ"

"မိန်းမ မရှိတဲ့ မြန်မာစာရေးဆရာတွေတော့ အများကြီးပဲ။ ပါရဂူတို့၊ အောင်စိုးတို့လည်း မိန်းမမရှိပါဘူး"

"မောင်သာနိုးလည်း မရှိပါဘူး"

"အို သူတို့မှာ မိန်းမရှိတာ မရှိတာ ကျွန်မနဲ့ မဆိုင်ပါဘူး။ တော်လှန် တိုးတက်တဲ့ ကဗျာတွေကို ကာရန်မဲ့ကဗျာလို့ တံဆိပ်တပ်ပြီး ဆန့်ကျင် တိုက်ခိုက်နေတဲ့အထဲမှာ တက္ကသိုလ်က ပညာရှိလူငယ်တွေလည်း ပါတယ်ဆို"

"တချို့လူငယ်တွေဟာ အသက်ငယ်ပေမဲ့ အယူအဆဟောင်းတွေကို အမွေစားအမွေခံ ရထားတော့ နောက်ဆုံးပေါ် အဟောင်းအမြင်းတွေ ဖြစ်နေ တာပေါ့"

"ဒါနဲ့ ခု ရှင်တို့ရဲ့ ကဗျာတွေကို ဆရာကြီး ဒဂုန်တာရာက ဘာပြော

mgyoe.com

mgyoe.com


သလဲ။ သူက စာပေသစ်ခေါင်းဆောင်ဆို"

"သူ့ကို ကြည့်ရတာတော့ နှာစေးနေတဲ့ပုံပဲ။ ခုအထိတော့ ဒီလှုပ်ရှားမှုထဲမှာ သူ မပါပါဘူး။ အကောင်းအဆိုးလည်း ဘာမှပြောတာ မတွေ့ရသေးပါဘူး။ ထပ်ပြီး ပြောရရင် ဒီလှုပ်ရှားမှုကို ခေါင်းဆောင်နေတဲ့ လူငယ်ကဗျာဆရာတွေက သူ့ကို အင်မတန်ကြည်ညိုလေးစားတဲ့ လူငယ်တွေ ဖြစ်နေတယ်။ ဒီတော့ သူက ဒီလူငယ်တွေ လုပ်တာတွေကို ဘာမှ အလျှင်စလို မပြောသေးဘဲ အချိန်ယူပြီး လေ့လာနေတယ်နဲ့ တူပါတယ်"

"ကျွန်မ မေးတာ တစ်ခုကျန်ပါသေးတယ်။ စာပေသစ်ခေါင်းဆောင်ဆိုတာ မဟုတ်ဘူးလား"

"မြန်မာစာပေအပေါ်မှာ သူ့ကျေးဇူးတွေ အများကြီး ရှိပါတယ်။ သူက စကားလုံး အသစ်အဆန်းတွေ အများကြီး ထွင်ခဲ့ပါတယ်"

"ကာရန်မဲ့ကဗျာ ဆိုတာကကော ပုံသဏ္ဌာန်သစ် ထွင်တာ မဟုတ်ဘူးလား"

"ပုံသဏ္ဌာန်သစ် ထွင်တာ မဟုတ်ပါဘူး။ အကြောင်းအရာသစ်တွေကို ရေးဖွဲ့ကြတာပါ။ အဲဒီအခါ ပုံသဏ္ဌာန်ကလည်း အလိုလို သစ်သွားတာပေါ့"

"ရှင်တို့ရဲ့ ကဗျာတွေကို ကာရန်မဲ့ကဗျာတွေလို့ မခေါ်ရင် ဘယ်လိုခေါ်ရမှာလဲ"

"တော်လှန်ကဗျာလို့ ခေါ်နိုင်ပါတယ်"

"ခေတ်ပေါ်ကဗျာဆိုတာကော"

"ခေတ်ပေါ်ဆိုတဲ့ စကားလုံးကတော့ ဝါးလွန်းပါတယ်"

"မော်ဒန်ပေါယဲ့ထရီး (ဝ) ခေတ်ပေါ်ကဗျာဆိုတာ ရှင်တို့မိတ်ဆွေကြီး မောင်သာနိုး သုံးခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ရှင်တို့ သဘော မတူဘူးလား"

"နည်းနည်းကလေးမှ မတူပါဘူး"

"ကဗျာမှာ အသံဆိုတာကော သူပြောတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"ရှင်တို့ သဘောတူသလား"

mgyoe.com

mgyoe.com


"သိပ်တူတာပေါ့"

"ရှင်တို့ဟာ ဘယ်လိုလဲ။ တူတာတူ မတူတာ မတူ"

"ကျွန်တော်တို့မှာ ဆန္ဒစွဲ ပုဂ္ဂိုလ်စွဲ မရှိပါဘူး။ ကျွန်တော်တို့ဟာ တော်လှန်တဲ့ အမှန်တရားကို လက်ခံတဲ့လူတွေပါ"

"ရှင့်စကားလုံးက နည်းနည်းကြီးလွန်းတယ်။ အမှန်တရားဆိုရင် တော်ရောပေါ့။ အခုတော့ တော်လှန်တဲ့ အမှန်တရားတဲ့။ မပိုလွန်းဘူးလား"

"ဒီလိုဆိုရင် တော်လှန်တဲ့ အမှန်တရားအကြောင်း နောက်တစ်ခါ ခင်ဗျားလာတော့ ဆွေးနွေးကြသေးတာပေါ့"

"ကျွန်မ နောက်တစ်ခါ လာဦးမယ်လို့ ဘယ်သူပြောသလဲ"

"လာဖို့တော့ ကောင်းတယ်။ မြို့ပြတို့ ကျေးလက်တို့ နိမိတ်ပုံတို့ သင်္ကေတတို့ဆိုတာတွေ ဆွေးနွေးရအောင်"

"အို မလိုတော့ပါဘူး။ ကျွန်မ ဘာမှ မလေ့လာဘဲနဲ့ မြန်မာကဗျာတွေ နည်းနည်းမှ အသုံးမကျဘူးလို့ ရေးနိုင်ပါပြီ။ ဒီကပြန်ရင် ကျွန်မ စာတမ်း တင်မယ်၊ ဘွဲ့ယူမယ်၊ ကဲ ကျွန်မသွားပြီ၊ တာ့တာ"

မစ္စမေ ထိုင်ရာမှ ထသည်။ သူမတစ်ကိုယ်လုံးကို မြင်ရသည်။ အဝတ် မပါ။ ဗလာကိုယ်တည်း။ အသားလည်း မရှိ။ အရိုးချည်းသက်သက်၊ အောင်မယ်လေး ကမ္ဘာ့ဌာန်းရုပ်ကြီးပါလား။ အနိဋ္ဌာရုံပါတကား။

ဘန်ကောက်လုံချည်နှင့်လူကို ကြည့်လိုက်သည်။ ဟော ဟော သူ့ မျက်နှာကို မြင်ရပြီ။ အို သူက လူမှ မဟုတ်ဘဲ။

"ဘုရား ဘုရား ဘီလူးကြီးပါလား။ ကဗျာဘီလူးကြီးပါလား။ အတ္တ အစွယ်ကြီး တဖွေးဖွေးနဲ့။

ကဗျာဘီလူးကြီး (တိုက်ထုတ်ပစ်) ၂

စာပေဘီလူးကြီး (တိုက်ထုတ်ပစ်) ၂

အတ္တအစွယ်ကြီး (ရိုက်ချိုးပစ်) ၂

တော်လှန်ကဗျာ အောင်ရမည်။

တော်လှန်စာပေ အောင်ရမည်။

[ပြည်သူ့ကြယ်၊ အိပ်မက်တွင် တွေ့ဆုံခြင်း၊ ၁၉၇၂၊ မတ်]

❑

mgyoe.com

mgyoe.com

## အောင်သင်းသို့ ပေးစာ

ကိုအောင်သင်းခင်ဗျား၊

ဒီစာဟာ တုံ့ပြန်ချက် မဟုတ်ပါဘူး။ ဖြစ်ချင်းဖြစ်ရင် မိတ်ဆက်စာပဲ ဖြစ်ပါလိမ့်မယ်။ ကိုအောင်သင်းနဲ့ ကျွန်တော် လူချင်းတွေ့ဖူးကြလား၊ မတွေ့ဖူးဘူးလားဆိုတာ ကျွန်တော် မသဲမကွဲဖြစ်နေတယ်။ တွေ့ဖူး ဆုံဖူးကြလျက်သားနဲ့ ကျွန်တော်က မေ့နေတယ်ဆိုရင်လည်း တောင်းပန်ပါတယ်။ တကယ်လို့ တစ်ခါမှ မကြုံမတွေ့ကြဘူးဆိုရင်လည်း စောစောက ကျွန်တော် ပလ္လင်ခံခဲ့သလို မိတ်ဆက်စာပဲ ဖြစ်ပါစေ။

ဇွန်လထုတ် ရှုမဝမှာ ကိုအောင်သင်းရဲ့ "သူတို့ ဝေဖန်ရေး" ဆောင်းပါးကို ဖတ်ရတယ်။ ကျွန်တော့်အနေနဲ့ ဘာမှ တုံ့ပြန်ရေးသားစရာ မလိုပါဘူး။ ရေးချင်းရေးရင် မောင်....တို့ နေသွေးနီတို့ကသာ ရေးရမှာပါ။

ဒါပေမဲ့ ကိုအောင်သင်းရဲ့ ဆောင်းပါးမှာ ကျွန်တော်နဲ့ 'ငြိ' နေတာကလေးတစ်ခုရှိတယ်။ အဲဒါကတော့ ရှင်းလိုက်မှ ကောင်းမယ်နဲ့ တူတယ်။

ဒီလိုလေ ကိုအောင်သင်း၊ ဒဂုန်တာရာရဲ့ စာတစ်ပိုဒ်ကို ကိုးကားထားတယ်မဟုတ်လား။

ထိုဆွေးနွေးပွဲတွင် စာဖတ်သူတစ်ယောက်က စာရေးသူ တစ်ယောက်အား တိုးတက်သော၊ တော်လှန်သော၊ ပြည်သူ့အကျိုးပြုသော စသည့် ကြွေးကြော်သံများကို တစ်ဖက်က အော်ဟစ်ပါလျက်၊ တစ်ဖက်က လျှို့ဝှက်သည်းဖို စုံထောက်ဝတ္ထုများကို ရေးနေပါ

mgyoe.com

mgyoe.com


သလားဟု မေးရာ နောက်ဆုံး (မလွဲသာ၍) ဝမ်းရေးအတွက် ရေးရပါကြောင်း ဝန်ခံရသည်ဟု ဒဂုန်တာရာက ဖောက်သည်ချထားပါသည်။

အဲဒီနေရာမှာ ကိုအောင်သင်းကို နည်းနည်းတော့ ပြောရမယ်ထင်တယ်။ မေလထုတ် ရှုမဝမှာပါတဲ့ ဒဂုန်တာရာရဲ့ ဆောင်းပါးက ကောက်နုတ်ဖော်ပြရာမှာ ကိုယ်လိုချင်တဲ့ နေရာကနေစပြီး ယူလိုက်တော့ မြို့အုပ်မင်းစောင်မမှ ထောင်ခြောက်လကျ ဆိုတာမျိုး ဖြစ်နေတယ်။

နေဦး။ ဒဂုန်တာရာရေးတဲ့ မူရင်းအတိုင်း ကြည့်ကြရအောင်။

ယင်းစာရေးသူအား 'သေနတ်လက်တစ်ကမ်း' ဟူသော ဝတ္ထုအမည်နှင့် ကြော်ငြာထားသလားဟုပင် နှစ်အတော်ကြာက ကိစ္စကို မေးလိုက်သည်။ စာဖတ်သူက မှတ်မိနေသည်။ စာရေးသူက 'ကျွန်တော်မေ့နေပြီ' ဟု ခပ်ဝါးဝါးဖြေရတော့သည်။ စာဖတ်သူဆိုလိုသည်မှာ တစ်ဖက်က တိုးတက်သော၊ တော်လှန်သော၊ ပြည်သူအကျိုးပြုသော စာပေ စသည်များ သုံးနှုန်းကြွေးကြော်နေပြီး လျှို့ဝှက်သည်းဖို စုံထောက်ဝတ္ထုများ ရေးနေရသလောဟူသည့် သဘောပင်ဖြစ်သည်။ ထိုအခါ စာရေးသူသည် မနေသာတော့ဘဲ 'ကျွန်တော်တို့ဘဝရပ်တည်ရေးက ရှိနေပါသေးတယ်' ဟု နောက်ဆုံး၌ ဝန်ခံရလေတော့သည်။

ဒဂုန်တာရာက သေနတ်လက်တစ်ကမ်းကိစ္စနဲ့ ဆက်စပ်ပြီး ရေးထားတာ မဟုတ်လား၊ 'သေနတ်လက်တစ်ကမ်း' ကိစ္စက ဆွေးနွေးပွဲမှာ တကယ့်အမေးအဖြေ။ ကိုအောင်သင်း ကိုးကားထားတာက သူ့ကောက်ချက်။

နေဦး၊ ရှင်းသွားအောင် ကျွန်တော် အစက ပြန်ပြောမယ်။ မပြောချင်လို့လည်း မရတော့ဘူး။ ဒဂုန်တာရာရဲ့ စာပေဆည်းဆာကို ဖတ်ရတော့ ကျွန်တော်အများကြီး အံ့သြမိတယ်။ ဘာပြုလို့လဲဆိုတော့ (၁) အချက်အလက်တွေ မှားနေလို့။ (၂) သူလိုရာ ဆွဲယူထားလို့။ ဒါပေမဲ့ ဘာမှ

mgyoe.com

mgyoe.com


ပြန်မရေးတော့ပါဘူး၊ မဖြေရှင်းတော့ပါဘူးလို့ အောက်မေ့ထားတယ်။ ဒါပေမဲ့ ခုတော့ ဒီအတိုင်းထားလို့ မရတော့ဘူးနဲ့ တူတယ်။ အခုပဲ ကိုအောင်သင်းက သူ့စာကို ကိုးကားပြီ မဟုတ်လား။ နောက်လည်း အဆင့်ဆင့် အခါခါ ကိုးကားသွားကြရင် အမှားသံသရာကြီး လည်နေကြလိမ့်မယ်။

ဒီလိုဗျ။ ပြီးခဲ့တဲ့ စာဆိုတော်က ကျွန်တော်တို့ သုံးခွကို သွားကြတယ်။ ဒဂုန်တာရာ၊ ကျော်အောင်၊ ညွှန့်ကြူး၊ မင်းကျော်နဲ့ ကျွန်တော်ပေါ့။ သူ့စာထဲမှာပါတဲ့အတိုင်းပဲ၊ ဒဂုန်တာရာက မဟောဘူး။ စာပေဟောပြောပွဲ လုပ်တဲ့အချိန်မှာ ငုတ်တုတ်ကလေး ထိုင်နေတယ်။ ညခုနစ်နာရီခွဲကနေ ဆယ်နာရီအထိပေါ့။ သူက ဆွေးနွေးမယ်ဆိုပြီး မောင်းတင်ထားတယ်။

ည ဆယ်နာရီခွဲမှာ ဆွေးနွေးပွဲ စတယ်။ ဆွေးနွေးတဲ့လူတွေက ကျွန်တော်တို့ကိုချည်း ဦးတည်ပြီး ဆွေးနွေးနေတော့ ည ၁၂ နာရီထိုးတဲ့အထိ ဒဂုန်တာရာဟာ တစ်လုံးတစ်ပါဒမှ ဝင်မဆွေးနွေးရဘူး ဖြစ်နေတယ်။ ကျွန်တော်တို့လည်း သူ့ကို အားနာလာတယ်။ ဒါနဲ့ စာပေဝေဖန်ရေးနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခုကို မေးတော့ ကျွန်တော်တို့က သူ့ကိုဖြေခိုင်းတယ်။ နောက်ပြီး ကဗျာကိစ္စလည်း ဆွေးနွေးကြပါဦးလို့ စကားစပေးလိုက်တယ်။ ဒီတော့မှ ကဗျာအကြောင်း ဆွေးနွေးကြတာ ည ၁၂ နာရီကနေ မနက် ၅ နာရီတိုင်သွားတယ်။

ဒါက နောက်ခံကလေးပါ။ ဒဂုန်တာရာရဲ့ ဆောင်းပါးတွေမှာက မြုပ်ကွက်ကလေးတွေ လုပ်ထားလို့ ကိုအောင်သင်းတို့ သိအောင် ပြောရတာပါပဲ။ သေနတ်တစ်ကမ်းကိစ္စ ပြန်ကောက်ကြရအောင်။

ပထမဆုံး ပြောရမှာက နာမည်မှားနေပါတယ်။ သေနတ်တစ်ကမ်း မဟုတ်ပါဘူး။ သေနတ်လက်ဆင့်ကမ်းပါ။

ဒဂုန်တာရာ ဘာပြုလို့ အရေး အမှတ်မှားတယ်ဆိုတာ ကျွန်တော် စဉ်းစားလို့ မရဘူး။ ဒဂုန်တာရာဟာ ကျွန်တော်တို့ ဆွေးနွေးပွဲတွေ၊ အစည်းအဝေးပွဲတွေမှာ မှတ်စုစာအုပ် တစ်အုပ်နဲ့ အမြဲတမ်းလိုက်မှတ်လေ့ ရှိတဲ့လူပါ။ အဲဒီလို မှတ်မှုကြောင့်လည်း တစ်ခါ ပြဿနာ တက်ရပြီးပြီ။ ကျွန်တော်တို့ ကမ္ဘာငြိမ်းချမ်းရေး ကွန်ဂရက်မှာ ဆိုဗီယက်ရဲ့ လက်နက်လျှော့ပေါ့ရေးနဲ့ တရုတ်ရဲ့ အမျိုးသား လွတ်မြောက်ရေး မူနှစ်မူ ကွဲပြားပြီး တိုက်ပွဲတွေ

mgyoe.com

mgyoe.com


ပြင်းထန်စဉ်ကပေါ့။ ကျွန်တော်တို့က အမျိုးသားလွတ်မြောက်ရေးမူ၊ ဆိုရှယ်နီတွေက လက်နက်လျှော့ပေါ့ရေးမူ။ အဲဒီအချိန်မှာ ဒဂုန်တာရာက ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် အမှုဆောင် အစည်းအဝေးမှတ်တမ်းတွေကို အလုပ်အမှုဆောင် အစည်းအဝေးအပြီးမှာ မေ့ထားပစ်ခဲ့တယ်။ အဲဒါကို ဆိုရှယ်နီတွေက ရသွားတယ်။ မှတ်စုစာအုပ်က အထူကြီးနှစ်အုပ်။ ကျွန်တော်တို့က ပြန်တောင်းတယ်။ သူတို့က မပေးဘူး။ တော်တော်ကလေး အကြိတ်အနယ် ဖြစ်လိုက်ကြရတယ်။

အခု သုံးခွ ဆွေးနွေးပွဲမှာလည်း သူ သေသေချာချာတော့ မှတ်တာပဲ။ ဒါပေမဲ့ ဆောင်းပါးရေးတော့ ဘယ်လိုကနေ ဘယ်လို အလွဲလွဲ အချော်ချော်တွေ ဖြစ်ကုန်တယ် မသိပါဘူး။

သေနတ်လက်တစ်ကမ်းနဲ့ ပတ်သက်ပြီး မေးတဲ့သဘော၊ ဆွေးနွေးတဲ့သဘောက ဒီလိုပါ။ သေနတ်လက်ဆင့်ကမ်းဆိုတဲ့ နာမည်ကလေးကို သဘောကျတယ်။ တော်လှန်ရေးဝတ္ထုလို့ ထင်တယ်။ ဖတ်ကြည့်တော့ လျှို့ဝှက်သည်းဖို စုံထောက်ဝတ္ထုတွေ ဖြစ်နေတယ်လို့ ဆွေးနွေးတာပါ။

ဒီမေးခွန်းပိုင်းမှာ တိုးတက်သော၊ တော်လှန်သော၊ ပြည်သူ့အကျိုးပြုသောစာပေ စသည်များ သုံးနှုန်းကြွေးကြော်နေပြီး လျှို့ဝှက်သည်းဖို စုံထောက်ဝတ္ထုများ ရေးနေရသလောဟူ၍ လုံးဝမေးမြန်းခြင်း ဆွေးနွေးခြင်း မရှိပါ။

တစ်ချိန်မှာ လူတစ်ယောက်ကတော့ ကျွန်တော့်ကို မေးပါတယ်။ မြန်မာပြည် မြောက်ပိုင်းလို၊ တစ်ကွေ့တော့ တွေ့ကြဦးမည်လို ဝတ္ထုမျိုးတွေပဲ ဖတ်ချင်တယ်။ 'ကျောက်ဘီလူး' တို့ 'အကွေ့တစ်ထောင်' တို့ကို ဘာပြုလို့ ရေးသလဲလို့ မေးပါတယ်။

ဒီမေးခွန်းကို ဒဂုန်တာရာက စောစောကအတိုင်း သူလိုချင်သလို ဘာသာပြန်ပြီး သေနတ်လက်ဆင့်ကမ်း (သေနတ်လက်တစ်ကမ်း) နဲ့ ရောပစ်လိုက်တာပါပဲ။ နောက်ပြီး သူလိုချင်တဲ့ အကွက်ရောက်အောင် စာဖတ်သူတစ်ဦးက ဝင်ငွေလေးဆယ်ရတဲ့အကြောင်းနဲ့ ရုပ်ရှင်ဝတ္ထုကို ထောင်နဲ့ချီရတဲ့ အကြောင်းကိုပါ တစ်ဆက်တည်းလို ရောမွှေထားလိုက်တယ်။

အဲဒီသဘောက ဘာနဲ့တူသလဲဆိုတော့ နိုင်ငံခြားက ဝတ်လစ်စားလစ်

mgyoe.com

mgyoe.com


အမျိုးသမီးဓာတ်ပုံကိုယ်ပိုင်းမှာ မြန်မာရုပ်ရှင်မင်းသမီးတစ်ဦးရဲ့ ခေါင်းပိုင်း ဆက်ပြီး သိက္ခာချတဲ့ နည်းမျိုးပါပဲ။

သေနတ်လက်ဆင့်ကမ်းကိစ္စမျိုးမှ 'စာရေးသူက ကျွန်တော်တောင် မေ့နေပြီ' ဟု ခပ်ဝါးဝါး ဖြေရတော့သည်ဟု ဒဂုန်တာရာက ရေးထားပါတယ်။ 'ခပ်ဝါးဝါး' ဆိုတဲ့ စကားလုံးကို သုံးထားပါတယ်။

ကျွန်တော်ဖြေတာကို ပြန်ပြောပါ့မယ်။ အဲဒီအချိန်က အဲဒီဝတ္ထုနာမည် ကို ကျွန်တော်မကြားဖူးတာ အမှန်ပါပဲ။ တစ်လောကမှ လမ်းဘေးပလက် ဖောင်းပေါ်မှာ ကျွန်တော်တွေ့မိတယ်။ ဝယ်ခဲ့မလို့ စိတ်ကူးပေမဲ့ မဝယ်ဖြစ်ခဲ့ ဘူး။ အဲဒီစာအုပ် ကနေ့ထက်ထိ ကျွန်တော့်ဆီမှာ မရှိဘူး။ အဲဒီ စာအုပ် ထဲမှာ ကျွန်တော့်ရဲ့ ဘယ်ဝတ္ထုပါမှန်းလည်း ကနေ့ထက်ထိ မသိဘူး။

အဖြစ်က ဒီလို ကိုအောင်သင်း။

အဖမ်းခံနေရတဲ့ စာရေးဆရာတစ်ယောက်ရဲ့သား ကျွန်တော်တို့ဆီ လာတယ်။ မထူးပါဘူးလေ၊ နာမည်ပဲ ဖွင့်ပြောကြတာပေါ့။ သခင်မြသန်းရဲ့ သား မောင်စည်သူပါ။ ၁၀၁ လမ်း၊ မိုးဝေတိုက်ကို လာတာပါ။ သူတို့ မိသားစု အခြေအနေကို ကျွန်တော်တို့ သိရပါတယ်။ ကျွန်တော်တို့ တက် အားသမျှ ငွေစုပြီး အကူအညီပေးပါတယ်။ အခြားအကူအညီများကိုလည်း ကိုယ်တိုင်နိုင်သလို ပေးကြပါတယ်။ သူ စာအုပ်ထုတ်မယ်ဆိုလို့ ကျွန်တော့် ဝတ္ထုတစ်ပုဒ်ကို သုံးခွင့်ပြုကြောင်း စာရေးပေးလိုက်ပါတယ်။ သူက ဝတ္ထုတိုတွေ စုထုတ်မှာပါ။ အခြား စာရေးဆရာတွေဆီမှာလည်း သူက အကူအညီတောင်း ပြီးပါပြီ။ သူတို့ဆီက ခွင့်ပြုစာတွေလည်း ရပြီးပါပြီ။ ကျွန်တော့်ခွင့်ပြုစာမှာ ဝတ္ထုအမည်ကို ဖော်မပြလိုက်ပါဘူး။ သူတို့ဟာသူတို့ ရေးထည့်ဖို့ နေရာ ကွက်လပ် ချန်ထားလိုက်ပါတယ်။ ကြိုက်တဲ့ ဝတ္ထုတိုတစ်ပုဒ် ယူသုံးလို့ ပြောလိုက်ပါတယ်။

နောက်ပြီး အထိန်းသိမ်းခံရာက လွတ်လာတဲ့ လူငယ်တစ်ဦးနဲ့ ကလောင်သစ် တစ်ဦးတို့ကလည်း အကူအညီတောင်းလို့ ကျွန်တော့်ဝတ္ထု တိုကို သုံးဖို့ ခွင့်ပြုစာတွေ ရေးပေးလိုက်ပါတယ်။

အဲဒါတွေအတွက် ကျွန်တော် စာမူခ တစ်ပြားတစ်ချပ်မှ မရပါဘူး။ ရဲဘော် ရဲဘက်တွေကို ကူညီတာပါပဲ။ သူတို့ဆီက စာမူခမရရုံတင် မဟုတ်

mgyoe.com

mgyoe.com


ဘူး၊ စာအုပ်တောင် မရဘူး။ ဒါအတွက် ကျွန်တော်ကတော့ သူတို့ကို ခွင့်လွှတ်ပါတယ်။ သူတို့ဘဝအတွက် တစ်မျိုးပြီးတစ်မျိုး ရုန်းကန်နေကြရလို့ ကျွန်တော့်ဆီကို လာမပေးနိုင်ကြတာပါပဲ။

ဆွေးနွေးပွဲမှာ ကျွန်တော် ဒီအတိုင်းရှင်းပြပါတယ်။ သေနတ်လက်ဆင့်ကမ်းမှာ ကျွန်တော့်နာမည် မဟုတ်ကြောင်း၊ ကျွန်တော့်ရဲ့ ဘယ်ဝတ္ထုပါမှန်း မသိကြောင်း၊ နောက်ပြီး ဘယ်သူထုတ်တဲ့ စာအုပ်မှန်းလည်း မသိကြောင်း ပြောလိုက်ပါတယ်။ ဒါကို ဒဂုန်တာရာက ခပ်ဝါးဝါးဖြေတယ်လို့ ပြောတာကတော့ အံ့သြစရာပါပဲ။

ဗန်းမော်တင်အောင် ပထမအကြိမ် ကိုကိုးကျွန်းက ပြန်လာတုန်းက သူရဲ့ ဒေါက်တာရေချမ်းကို ပုဂံစာအုပ်တိုက်က ထုတ်ဝေလိုကြောင်း ကျွန်တော်က ပြောတယ်။ သူက ဒီစာအုပ်ကို ပြန်မထုတ်သင့်ကြောင်း ပြောတယ်။ နောက် များမကြာခင်မှာ အဲဒီစာအုပ်ထွက်လာလို့ ကျွန်တော်က ကိုတင်အောင်ကို ဘယ်လိုဖြစ်တာလဲလို့ မေးတယ်။ သူက စားရမဲ့ သောက်ရမဲ့ ဖြစ်နေတဲ့ ရဲဘော်နှစ်ယောက်က အကူအညီတောင်းလို့ အလကားပေးလိုက်ရတဲ့အကြောင်း ပြောပါတယ်။

ပြီးတော့ ဒဂုန်တာရာရဲ့ ဆောင်းပါးမှာ 'နောက်ဆုံးတော့ ဝန်ခံရလေတော့သည်" ဆိုတဲ့ အသုံးအနှုန်းကလည်း ခြေလွန်လက်လွန် ဖြစ်ပါတယ်။ စာရေးသူနဲ့ အပြန်အလှန် ဆွေးနွေးကြတာ ဖြစ်ပါတယ်။ တရားခွင်မှာ ကြိုးမိန့်ပေးဖို့ စွဲချက်တင်နေကြတာ မဟုတ်ပါဘူး။ အခုတော့ ကျွန်တော် ရေးတာတွေ မှားပါပြီလို့ အုန်းပွဲငှက်ပျောပွဲနှင့် ဝန်ချတောင်းပန်ခဲ့ရတဲ့ အပေါက်မျိုး။

အဲဒီဆွေးနွေးပွဲမှာ ကျွန်တော်နဲ့ မင်းကျော်ရဲ့ ဝတ္ထုတွေကို အများဆုံး ဝေဖန်ကြပါတယ်။ အချို့အချက်တွေက ကျွန်တော်တို့ကိုယ်တိုင် ပြန်လည်ဝေဖန်ပြီး ဖြစ်ပါတယ်။ အချို့အချက်တွေက အသစ်တွေဖြစ်ပြီး သေသေချာချာ လေ့လာစဉ်းစားစရာတွေ ဖြစ်တယ်။ ဒါဟာ စာဖတ်သူတွေနဲ့ တွေ့ရတဲ့ အကျိုးကျေးဇူးပါပဲ။ ကျွန်တော်တို့ မျှော်လင့်ထားတာတွေကို ရရှိတာပါပဲ။

ကျွန်တော်တို့ ဝတ္ထုတွေကို ဝေဖန်သုံးသပ်တဲ့နေရာမှာ ကျွန်တော်တို့ အရင်လက်ဦးလူတွေဖြစ်တဲ့ ဒဂုန်တာရာ၊ ဗန်းမော်တင်အောင်၊ လင်းယုန်နီ၊ မြသန်းတင့်တို့လည်း ပါလာရပါတယ်။ ဒီအကြောင်းတွေကို ပြည့်ပြည့်စုံစုံ

mgyoe.com

mgyoe.com

ရေးပြနိုင်ဖို့ လိုပါတယ်။ အတိုချုပ်ပြီး အဖျားဆွတ်ရေးရင် အဓိပ္ပာယ်တွေ အကုန်လွဲမှားကုန်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စာဆိုတော် ခရီးသွား ဆောင်းပါးတွေ ရေးတဲ့နေရာမှာ သုံးခွအကြောင်းမရေးသေးဘဲ ချန်ထား တာပဲ။

ကျွန်တော်တို့ ဘာကြောင့် လှျို့ဝှက်သည်းဖိုစုံထောက်ဝတ္ထုတွေ ရေးရ တယ်ဆိုတဲ့ အကြောင်းတော့ ဒီတစ်ပတ် တောအကြောင်း တောင်အကြောင်း မှာပဲ ဖတ်ကြည့်ပါတော့။

စာရေးခြင်းနဲ့ ဘဝရပ်တည်ရေးအကြောင်းကိုတော့ ဒဂုန်တာရာသို့ ပေးစာမှာ ကိုတင့်ဆန်းက ရေးထားပါတယ်။

စာလည်း တော်တော်ရှည်သွားပြီ ကိုအောင်သင်း။ ရှင်းစရာရှိတာလေး တွေလည်း အတော်ကလေး ရှင်းပြီးသွားပြီ။ အမှန်တော့ ဒီစာကို ရှုမဝက တစ်ဆင့် ပေးဖို့ပဲ။ ဒါပေမဲ့ ရှုမဝက တစ်ဆင့်ပေးရင် တစ်လနောက်ကျနေ မယ်။ နောက်လမှ ပေးနိုင်မယ်မဟုတ်လား။ မိုးဝေကဆိုတော့ ဒီလ တစ်ခါ တည်း ပါသွားတာပေါ့။ ကိုအောင်သင်းတို့ ဆောင်းပါးပါတဲ့ ဇွန်လ ရှုမဝ၊ ဇွန်လ ၁ ရက်နေ့မှာ ထွက်လာတော့ ကျွန်တော်တို့ မိုးဝေက ရေးတုန်း စီတုန်း ရိုက်တုန်းပဲ ရှိသေးတယ်။ ဒါကြောင့် ဒီစာကို မိုးဝေကနေပဲ ဖော်ပြ လိုက်ရပါတယ်။

ဒဂုန်တာရာရဲ့ စာပေဆည်းဆာအဆက် 'နေဝန်းနီ ပန်းနုရောင်နှင့် စိတ်ကူးရုပ်ပုံ' ဆောင်းပါးကို ဖတ်ရပါတယ်။ အဲဒီဆောင်းပါးမှာတော့ အတော်ကလေး မှန်သလိုလိုရှိတဲ့ ရေးသားချက်တစ်ခု တွေ့ရတယ်။

> ကျွန်တော်တို့နှင့် တစ်ဖက်တည်းဟု ထင်မှတ်ရသောသူအချို့၏ စာပေဝေဖန်ရေးမဟုတ်သော ပုဂ္ဂိုလ်ရေး သိက္ခာချမှုများ အနည်း အကျဉ်း ကျန်ရှိနေသေးတယ်။ အမှန်အားဖြင့်ကား ထိုသူနှင့် ကျွန်တော်တို့သည် လွန်ခဲ့သော ဆယ်နှစ်ကျော်ကတည်းက လမ်းခွဲ ခဲ့သည်ကို မသိသူ မသိကြသေး။ တစ်ကွေ့တစ်ကွေ့၌ ထားရစ်ခဲ့ ကြသည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်က ဆိုသည်ကား အဘယ်နည်း။ တော် လှန်ရေးကောင်စီ အာဏာသိမ်းသည်ကိုလား၊ မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ
mgyoe.com

mgyoe.com


ဖွဲ့စည်းရေးအတွက် စာရေးဆရာ စာပေကလပ်တွင် အကြိတ်အနယ် ဆွေးနွေးကြရသည်ကိုလား။

မည်သို့ဆိုစေ ဆယ်နှစ်ကျော်ဆိုသော ကာလကား မှန်ပေသည်။ လမ်းခွဲခဲ့သည်ဆိုခြင်းကတော့ စကားလုံးသဘောအားဖြင့် သိပ်ပြီး မတိကျလှဘူး။ ကိုသာနိုးတို့ ကိုမင်းမော်တို့ကို မေးကြည့်ရဦးမယ်၊ လမ်းခွဲတာနဲ့ ဖယ်ရှားတာဟာ အတူတူပဲလားလို့။

"ဒီလိုဗျ၊ စာရေးဆရာ စာပေကလပ်မှာ ဒဂုန်တာရာက တစ်ဖက်၊ ဂျာနယ်ကျော်မမလေး၊ မြသန်းတင့်၊ ကိုကိုတို့က တစ်ဖက် အကြီးအကျယ်သဘောထား ကွဲလွဲကြတယ်။ ဇန်းမော်တင်အောင် အမှူးပြုတဲ့ ကျွန်တော်တို့က အခြေအနေကို တတ်နိုင်သမျှ ထိန်းခဲ့ကြတယ်။ နောက်ဆုံးမှာ ဘယ်လိုမှ မတတ်သာတော့တဲ့အတွက် ဒဂုန်တာရာကို ကျွန်တော်တို့ရဲ့ စာပေခေါင်းဆောင်အဖြစ်ကနေ ဆုံးဖြတ်ချက်နဲ့ အပြစ်ပေး ဖြုတ်ချခဲ့ကြရတယ်။

ဒါကြောင့်မို့လို့ မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂရဲ့ ပထမဆုံး ဥက္ကဋ္ဌဟာ ဒဂုန်တာရာမဖြစ်ဘဲ ဇန်းမော်တင်အောင် ဖြစ်ခဲ့ရတာပေါ့။ အဲဒီတုန်းက ညီလာခံအပြီးမှာ ဒဂုန်တာရာက ဇန်းမော်တင်အောင်ကို

"ခင်ဗျားကတော့ မြန်မာပြည်ရဲ့ ဂေါ်ကီပေါ့ဗျာ" လို့ နွမ်းနွမ်းလျလျ ပန်းလျလျလေး ပြောခဲ့ပါတယ်။

ကနေ့ ကျွန်တော်တို့ ဒဂုန်တာရာနဲ့ ပတ်သက်ပြီး မလွှဲသာမရှောင်သာ ရေးနေရတာကို အချို့က သဘောမပေါက်ကြဘူး။ ဒီတော့ ကျွန်တော်တို့က ရယ်သလို မောသလို ပြောရတယ်။

"တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေးမှာ လူရှောက်ချီကို အပုပ်ချတော့ ရဲဘော်တွေ ဖြုန်းခနဲ နားမလည်နိုင်ကြသလိုပေါ့ဗျာ"

ကဲ ကိုအောင်သင်းရေ၊ နောက် အကြောင်းသုံးပါးဆုံမှ ဒီအကြောင်းတွေ ဆက်ရေးပါဦးမယ်။ ခုတော့ တော်သေးပြီ။

ခင်ဗျားလည်း အကြောင်းသုံးပါး ညီညွတ်ရင် ကျွန်တော့်ဆီလည်း စာရေးပါဦး၊ မိုးဝေမှာလည်း ရေးပါဦး။

[မိုးဝေစာပေမဂ္ဂဇင်း၊ ၁၉၇၂၊ ဇွန်]

❑

mgyoe.com

mgyoe.com

# ဝေဖန်ရေးနှင့် လက်တွေ့

ဝေဖန်ရေးအကြောင်း ကျွန်တော်တို့ ပြောကြသည်။ အများကြီးပြော ကြသည်။ အကြိမ်ကြိမ်ပြောကြသည်။ လူတိုင်းလို ပြောကြသည်။ ဝေဖန်ရေး သည် မရှိမဖြစ်သော ပစ္စည်းဟု ဆိုကြသည်။ ဝေဖန်ရေးရှိမှ တိုးတက်မည်ဟု ဆိုကြသည်။

ထို့နောက် ဝေဖန်ကြသည်။ တချို့က အပြုသဘော၊ အချို့က အဖျက် သဘော။ အချို့က ဓမ္မဓိဋ္ဌာန်ကျသည်။ အချို့က ပုဂ္ဂလဓိဋ္ဌာန်ကျသည်။ မည်သို့ဆိုစေ ဝေဖန်ရေးဆိုသည်မှာ ဘုန်းတော်ဘွဲ့ သက်သက်လည်း မဖြစ် နိုင်။ ကျိန်စာသက်သက်လည်း မဖြစ်နိုင်။ အကောင်းနှင့်အဆိုး ထွေးရော ယှက်တင်နေမည်။ အကောင်းက များသည့်အခါ များမည်။ အညီအမျှ သမနေသည့် အခါလည်းရှိမည်။

သို့သော် လက်တွေ့တွင်မူ ဝေဖန်ရေးကို လက်မခံကြ။ ကောင်းတာ ကလေးတွေပြောလျှင် သွားဖြဲပြီး ဆိုးတာကလေးတွေပါလျှင် မျက်နှာကြီး ပုပ်သွားတတ်ကြသည်။ 'ပုဂ္ဂိုလ်ရေး တိုက်ခိုက်သည်'၊ 'မနာလို၍ ပြောသည်'၊ 'သြဇာချသည်'၊ 'အသားလွတ် တွယ်သည်' ဆိုသော စကားလုံးများဖြင့် တုံ့ပြန်လာတတ်ကြသည်။ 'ဘယ်သူတွေ ဘာပြောပြော' ကို လက်သုံးပြု၍ မာနတံခွန် လွှင့်ထူတတ်ကြသည်။ ငါ့မှာ 'နာမည်ရှိတယ်'၊ ငါ့မှာ 'ပရိသတ်' ရှိတယ်ဆိုပြီး မောက်မာတတ်ကြသည်။

ပို၍ဆိုးသည်က ဝေဖန်ရေးသမားဆိုသူများ။ သူတို့သည် သူများကို ဝေဖန်ရမည်ဆိုလျှင် မထိတထိလည်း ကလိတတ်သည်။ ပယ်ပယ်နယ်နယ်

mgyoe.com

mgyoe.com


လည်း ဆော်ပလော်တီးတဟ်သည်။ သို့ရာတွင် ကိုယ့်အလှည့်ရောက်၍ ကိုယ့်စာကို သူများတကာက ဝေဖန်သောအခါ စစ်စစ်ထိ မခံနိုင်။ ကက်ကက်လန် ရန်တွေ့သည်။ နှုတ်သီးကောင်း လျှာပါး။

သည်တော့ ကျွန်တော်တို့ ပြောနေတဲ့ ဝေဖန်ရေးသမားဆိုတာ ဘယ်မလဲ။

သဘောတရားကိုတော့ နားလည်ကြသည်။ ပါးစပ်ကတော့ ပြောကြသည်။ လက်တွေ့တွင်မူ မကျင့်သုံးနိုင်ကြပါ။ ပါးစပ်က ဘုရား ဘုရား၊ လက်က ကားရား ကားရားပင်။

ယခုအတိုင်းဆိုလျှင် ကျွန်တော်တို့သည် ဝေဖန်မှုအတတ်ပညာကို လေ့လာကြိုးပမ်းကြရမည့်နည်းတူ၊ အဝေဖန်ခံနိုင်မှု စိတ်ဓာတ်လည်း မွေးမြူဖို့ အကန့်အသတ်မရှိ အားထုတ်ကြရဦးမည်တည်း။

[မိုးဝေစာပေမဂ္ဂဇင်းခေါင်းကြီး၊ ၁၉၇၂၊ ဖေဖော်ဝါရီ]

❑

mgyoe.com

mgyoe.com

## တော်လှန်ကဗျာ

သည်တစ်ခါ မုန်တိုင်းတိုက်ခတ်သည်က အတော်ကလေး ကြာသည်။ အတော်ကလေးလည်း ကြမ်းသည်။ အချို့ဆိုလျှင် သည်မုန်တိုင်းအတွင်းမှာပင် ရွက်သစ်ဝေ၍ သည်မုန်တိုင်းအတွင်းမှာပင် ကြွေလွင့်ခဲ့ကြရသည်။

မုန်တိုင်းကတော့ ထန်နေဆဲ။

စကြဝဠာတစ်သောင်းကို သိမ့်သိမ့်တုန်စေသော ပဲ့တင်သံများ တော်လဲသံများ၊ မြေငလျင်သံများအကြားတွင် ရွက်သစ်ကလေးများ ဝေခဲ့သည်။ အခက်များ၊ အကိုင်းများ၊ ပင်စည်များ ကျိုးပြတ်ပဲ့စဥ်မတတ် လှုပ်ခါနေ၏။ အမြစ်အခြေတွင်လည်း မြေသားတို့မရှိ။ အမြစ်ပြိုင်းပြိုင်းတို့သည် အဆိပ်အတောက်ပြင်းထန်သော မြွေကြီးများကဲ့သို့ ပါးပျဥ်းကြီးများ ထောင်နေသည်။

ရေသောက်မြစ် ခိုင်၍သာ ရွက်သစ်ကလေးများ စိမ်းဝေမြဲ စိမ်းဝေနေကြခြင်းဖြစ်သည်။ သူတို့အဖို့ မုန်တိုင်းသည်သာ ခမြေသား။ မုန်တိုင်းသည်သာ မြေသြဇာဖြစ်တော့သည်။ ယင်းကြောင့်ပင် မုန်တိုင်းကြမ်းထဲမှ ရွက်သစ်ကလေးများသည် နန္ဒဝန်ဥယျာဥ်မှ ရွက်နုကလေးများကဲ့သို့ ကော့ပျံ၍မနေ။ သူတို့ကိုကြည့်ရသည်မှာ မြားဦးကဲ့သို့ ချွန်နေသည်။ ကျည်ဆန်ထိပ်ဖူးကဲ့သို့ လုံးနေသည်။ ကျောက်စိမ်းကဲ့သို့ မာကျောနေသည်။

ထိုအခါ အချို့သောသူများက သူတို့ကို ရွက်သစ်ကလေးများပင် မဟုတ်ဟု ဆိုကြသည်။ အကြောအမျှင်ကလေးများ ယှက်သန်းနေသည့်ကို မတွေ့ရဟု ဆိုသည်။ သမိုင်းအစဥ်အလာတွင် မြင်တွေ့ခဲ့ဖူးသော ရွက်သစ်

mgyoe.com

mgyoe.com


ကလေးများနှင့် အလျဉ်းမတူပဟု ကျမ်းကိုးကျမ်းကားများဖြင့် ဆိုကြသည်။

မုန်တိုင်းကတော့ ထန်နေဆဲ။

သည်အခါ မုန်တိုင်းသည် ကာလသက်တမ်း ရှည်ကြာရုံသာ မဟုတ်၊ တိုက်ပုံ တိုက်အား ကြမ်းတမ်းပြင်းထန်ရုံသာ မဟုတ်။ ဤတစ်နေရာတည်းတွင်သာမက ကမ္ဘာမြေအနှံ့အဝှန်းလည်း ဖြစ်ချေသည်။

သည်တော့ မုန်တိုင်းထဲမှာ ဖူးဝေသော ရွက်သစ်ကလေးများသည် နန္ဒဝန်ဥယျာဉ်မှာကဲ့သို့ ယမင်းရုပ်ကလေးများပမာလည်း မလှကြ။ ပဥ္စသိခ် နတ်စောင်းသံလိုလည်း သာယာညင်းပျောင်းခြင်းမရှိ။

ကျောက်စိမ်းဖြင့် ပြီးသော မြားပမာ၊ ကျည်ပမာသာ ဖြစ်ကြသည်။ မုန်တိုင်းတွင် ဖြစ်ပေါ်သော သူတို့၏ တေးကာရန်တို့မှာလည်း ပဥ္စသိခ် နတ်စောင်းသံမဟုတ်၊ ဘဝင်လှုံ့သော ကြွေးကြော်သံများ၊ တိုက်ပွဲခေါ်သံများ။

[မိုးဝေစာပေမဂ္ဂဇင်းခေါင်းကြီး၊ ၁၉၇၂၊ မတ်]

❑

mgyoe.com

mgyoe.com

# မနေ့တစ်နေ့က
# တိုက်တဲ့မုန်တိုင်း

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အမှာ

## မနေ့တစ်နေ့ကများ

(၁)

မိမိတို့သည် မနေ့တစ်နေ့က ယုံကြည်ခဲ့ကြသည်များ ရှိသည်။ မနေ့တစ်နေ့က လုပ်ဆောင်ခဲ့ကြသည်များ ရှိသည်။ မနေ့တစ်နေ့က ရေးခဲ့ကြသည်များ ရှိသည်။ ယင်းတို့သည် မနေ့တစ်နေ့က တကယ်ဖြစ်ပျက်ခဲ့ကြသည်များအပေါ် အခြေခံပြီး ဖြစ်ထွန်းခဲ့ကြသည်များ ဖြစ်သည်။

ယနေ့ ဖြစ်ထွန်းမှုများသည် မနေ့တစ်နေ့က ဖြစ်ထွန်းမှုများ၏ အကျိုးဆက်များသာ ဖြစ်သည်။ ငြင်းကွယ်၍မရသော သမိုင်းနိယာမများ ဖြစ်သည်။

(၂)

မိမိရေးခဲ့သော စာပေရေးရာဆောင်းပါးများကို စုစည်းပြီး 'မနေ့တစ်နေ့က ရွာတဲ့မိုး' ကို ၁၉၇၂ ခုနှစ် ဩဂုတ်လက ထုတ်ဝေခဲ့သည်။ နှစ်ပေါင်းသုံးဆယ်ကျော် အကြာ ၂၀၀၆ ခုနှစ်မေလတွင် ဒုတိယအကြိမ် ထုတ်ဝေခဲ့ သည်။

ယခုတစ်ဖန် 'မနေ့တစ်နေ့က တိုက်တဲ့ မုန်တိုင်း' ကို ထုတ်ဝေလိုက်ပါသည်။ ရင်ခုန်ပွင့်

mgyoe.com

mgyoe.com


မဂ္ဂဇင်းတွင် နက်နွယ် အမည်ဖြင့် ရေးသားခဲ့သော ဆောင်းပါး တစ်ပုဒ်၊ စန္ဒာမဂ္ဂဇင်း တွင် စိန်အိုးစည်အမည်ဖြင့် ရေးသားခဲ့သော ဆောင်းပါး တစ်ဆယ့်နှစ်ပုဒ်၊ နွယ်နီနှင့် ချယ်ရီမဂ္ဂဇင်းတို့တွင် မှန်ပြောင်းသစ်အမည်ဖြင့် ရေးသားခဲ့သော ဆောင်းပါးလေးပုဒ် တို့ကို စုစည်းထားခြင်း ဖြစ်သည်။

စာအုပ်အဖြစ် မထုတ်ရသေးသော အခြားစာပေ ဆောင်းပါးများကို 'မနေ့တစ်နေ့က ဝေတဲ့နှင်း' အမည်ဖြင့် စုစည်းလျက်ရှိပါသည်။

မနက်ဖြန် သန်ဘက်ခါကို ရည်မှန်းလျက်...

နတ်နွယ်
၆-၆-၀၆

mgyoe.com

mgyoe.com

## အပိုင်း ဂ
# မိမိ၏အခြားတစ်ဖက်

(က)

ကောင်းပြီ။ ဘယ်က စရမလဲ။ ရင်ခုန်ပွင့်မှာ မရေးဘူးဆိုတာက စရမလား။ 'ရင်ခုန်ပွင့်' မှာ အရင်က တစ်ခါရေးခဲ့ဖူးပါတယ်။ ထွက်ခါစက ပဲဆိုပါတော့။ 'ရင်ခုန်ပွင့်'ကို ထုတ်မယ်ဆိုတော့ ထုံးစံအတိုင်း စာမူတွေလိုက်တောင်းကြတယ်။ အဲဒီတုန်းက စာပေဗိမာန်စာတမ်းဖတ်ပွဲ ရက်နဲ့ကြုံကြိုက်နေတော့ စာရေးဆရာတွေ တော်တော်များများကို တွေ့နိုင်တဲ့ စာတမ်းဖတ်ပွဲမှာ မြင့်မောင်မောင်နဲ့ ခွန်ဂျာမှိုင်းတို့ ဘုရားဖူးရင်း လိုပ်ဥတူးကြတယ်။ မြင့်မောင်မောင်က အားမာန်သစ်မှာ ရေးနေတော့ 'ရင်ခုန်ပွင့်' မှာ အကြံပေးဖြစ်ဟန်တူပါတယ်။ သူတို့က စာမူတောင်းတဲ့ စာလည်းပေးတယ်။ ပြီးတော့ နှုတ်ကလည်း မြန်မြန်နဲ့ ဆက်ဆက်ရေးပေးဖို့ ပြောကြတယ်။ မြင့်မောင်မောင်ဆိုတော့ ဘာပဲဖြစ်ဖြစ် ရေးပေးရမှာမို့ အမြန်ဆုံးပဲ ရေးပေးလိုက်ပါတယ်။

မိမိဝတ္ထုပါတဲ့လမှာ စာအုပ်သွားယူတော့ မန္တလေးက စာရေးဆရာ တစ်ယောက်နဲ့ တွေ့တယ်။ အားမာန်သစ်မှာ သူရောက်နေတယ်။ အယ်ဒီတာ စားပွဲမှာ ထိုင်ပြီး ဒံပေါက်စားနေတယ်။

သူက ပြောတယ်။

'ဘာသာပြန် ဝတ္ထုတစ်ပုဒ်ပေးပါ။ ရှေ့လကစပြီး ရင်ခုန်ပွင့်မှာ ဘာသာပြန်ဝတ္ထုတစ်ပုဒ်ထည့်ဖို့ စီစဉ်ထားတယ်။

မိမိမရေးဖြစ်ပါ။

mgyoe.com

mgyoe.com


ဒီကြားထဲမှာ မြင့်မောင်မောင်နဲ့လည်း တွေ့တယ်။

သူကပြောတယ်။

'ရင်ခုန်ပွင့်အတွက် ဝတ္ထုရှည်ပေးပါ။ စာမူခ......ပေးပါ့မယ်'

မဂ္ဂဇင်းကြီးတွေက ပေးတဲ့စာမူခထက် များပါတယ်။

ဒါပေမဲ့ မိမိမရေးဖြစ်ပါ။

မရေးဖြစ်ခြင်းမှာ မရေးချင်၍ မဟုတ်ပါ။

အကြောင်းကြောင်းကြောင့် မရေးဖြစ်ခြင်းသာ ဖြစ်ပါတယ်။

ဒီလိုနဲ့ပဲ 'ရင်ခုန်ပွင့်' မှာ မောင်သွေးသစ်ရောက်နေတယ်လို့ ကြားပါတယ်။ နောက်သူနဲ့ တွေ့ပါတယ်။ သူက စာမူတောင်းပါတယ်။ မိမိဘာမျှ ပြန်မပြောပါ။ ပြန်ပြောဖို့လည်း မလိုဘူးလို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ လမ်းကြုံလို့ ဝတ်ကျေတမ်းကျေ တောင်းတာပဲလို့ ယူဆလို့ပါပဲ။

ဝတ်ကျေတမ်းကျေ တောင်းတဲ့အတွက်လည်း စိတ်မဆိုးပါဘူး။ ဒီလိုပဲ အယ်ဒီတာတစ်ယောက်ဟာ စာရေးဆရာတစ်ယောက်ကို တွေ့ရင် သူ့မဂ္ဂဇင်းမှာ ရေးဖို့ ပြောတတ်ပါတယ်။ ဒါဟာ စာပေလောကရဲ့ ယဉ်ကျေးမှု အစဉ်အလာတစ်ခုပဲ ဖြစ်မယ်ထင်ပါတယ်။

ဒါပေမဲ့ အယ်ဒီတာက ဝတ်ကျေတမ်းကျေ မဟုတ်ဘဲ အထူးတလည် တောင်းလာတဲ့ အခါမျိုးမှာတော့ စာရေးဆရာမှာလည်း တာဝန်ရှိလာပါတယ်။ ပထဆုံး သူ့အနေနဲ့ ရေးနိုင်၊ မရေးနိုင်လို့ ပြောရပါမယ်။ ရေးမယ်ဆိုရင် ဘယ်နေ့ ဘယ်ရက်လောက်မှာ စာမူပေးနိုင်မယ်ဆိုတာကို ပြောရပါ့မယ်။

မောင်သွေးသစ်က ဝတ်ကျေတမ်းကျေမျိုး မဟုတ်ဘဲနဲ့ အထူးတလည် တောင်းလာပါတယ်။ ဒီအခါမှာ မိမိအနေနဲ့ တစ်ခုခု ပြန်ပြောဖို့ လိုအပ်လာပါတယ်။

မရေးဘူးလို့ မိမိဆုံးဖြတ်လိုက်ပါတယ်။ ဒီအကြောင်းကို ကြုံကြိုက်လို့ ကိုကျော်အောင်၊ မောင်နေဝင်း (ဘဝတက္ကသိုလ်) တို့ကို ပြန်ပြောမိပါတယ်။

ကြုံကြိုက်ရတဲ့ အကြောင်းကတော့

ကိုကျော်အောင် ဖုန်းဆက်တယ်။

'ကျွန်တော့်ဆီကို ငသွေးလာသွားတယ်။ ခွန်ဂျာမှိုင်းတို့လည်း ပါတယ်။ စာမူတောင်းတယ်။ ဦးနတ်ဆီကလည်း ရမယ်လို့ ကောင်လေးက

mgyoe.com

mgyoe.com


ပြောသွားတယ်'

နောက်ပြီး ဘ၀တက္ကသိုလ်တိုက်ကို မိမိရောက်သွားတဲ့အချိန်မှာ ကိုနေဝင်းက ပြောတယ်။

'ကိုသွေးသစ် လာသွားတယ်၊ ခွန်ဂျာမှိုင်းတို့လည်း ပါတယ်၊ ဆရာ့စာမူပေးဖို့ သတိပေးပါလို့ မှာသွားတယ်၊ မနေ့ကလည်း ဆရာ့အိမ်ကို သူဖုန်းဆက်တယ်လို့ ပြောတယ်၊ ဖုန်းပျက်နေသလားမသိဘူး၊ ဆက်မရဘူးလို့ ပြောတယ်'

ဒီတော့ သူတို့ကို မိမိ မပြောမဖြစ် ပြောရတော့တယ်။

'ကျွန်တော် မရေးပါဘူး၊ မရေးချင်ဘူး'

အကြောင်းကတော့...

(ခ)

မောင်သွေးသစ်ပါပဲ။

သူက ပထမတော့ ရိုးရိုး ကဗျာဆရာ။ နောက်တော့ ကဗျာဆရာ အယ်ဒီတာ။ သူ အယ်ဒီတာဖြစ်ပုံနဲ့ မိမိနဲ့ပတ်သက်ပုံတို့ကို သူရေးတဲ့ မေလထုတ် 'ရင်ခုန်ပွင့်' က လိုက်တော်မူ ကဗျာမှာပဲ ကြည့်ပါ။

'အဲ...စာပေမဂ္ဂဇင်းတစ်စောင်မှာ
ဆရာနတ်နွယ် ဦးဆောင်
ဖောင်ကိုင်အတတ်ပညာ
စာမူရွေးချယ် တည်းဖြတ်မှု နည်းဗျူဟာ
ဆရာစားမချန်
သင်အံလမ်းပြ လက်တွဲခေါ်
ရဲဘော် ရဲဘက်ပမာ ဆက်ဆံ
တာဝန်ခံ အယ်ဒီတာ စားပွဲတစ်ခု
ဖန်တီးမှု
ဆုံးဖြတ်မှု
လွတ်လပ်မှု
ယုံကြည်ပြည့်ဝစွာ (ကိုယ်စား) အပ်နှင်း

mgyoe.com

mgyoe.com


အင်း…ပြောမှတ်စရာ
အစဉ်အလာ အကျဉ်းလည်း ရှိခဲ့ဖူးခဲ့'
အဲဒီအတိုင်းပါပဲ။

၁၉၈၀ ပြည့်နှစ်မှာ စာပေလုပ်သားမဂ္ဂဇင်းကို ပထမဆုံး စတင်ထုတ်ဝေမယ်လုပ်တော့ 'ချင်းတွင်းစာပေ' က ပုံနှိပ်ဖြန့်ချိမှု တာဝန်ယူရပါတယ်။ အဖွဲ့ကြီးက စာမူတွေကိုသာ ရွေးချယ်ပေးပြီး 'ချင်းတွင်း' က စာအုပ်ဖြစ်အောင် ရိုက်နှိပ်ပြီး ဖြန့်ချိပေးရမှာ ဖြစ်ပါတယ်။ ဒီအခါမှာ စာအုပ်ဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးမယ့် အယ်ဒီတာ လိုလာပါတယ်။ 'တိုက်ထိုင် အယ်ဒီတာ၊ ဒါမှမဟုတ် 'ဖောက်ကိုင်' အယ်ဒီတာပဲပေါ့။ အဲဒီတော့ ချင်းတွင်း စာပေတိုက်က အုပ်ချုပ်ရေးမှူးဖြစ်တဲ့ ဦးသိန်းလွင်က မိမိကို အယ်ဒီတာလုပ်ပေးဖို့ ပြောတယ်။ မိမိ ငြင်းပါတယ်။ အယ်ဒီတာအလုပ်ကို မိမိဝါသနာပါပါတယ်။ ဒါပေမဲ့ အယ်ဒီတာအလုပ်က စာပေရေးသားမှုကိုလည်း အားလျော့စေတယ်။ ခရီးသွားလာမှုကိုလည်း ချုပ်နှောင်ထားတယ်။ ဒါပေမဲ့ နောက်ဆုံးမှာ လက်ခံရပါတယ်။ မိမိနဲ့ တွဲဖက်လုပ်ဆောင်မယ့် အယ်ဒီတာတစ်ယောက် လူငယ်တစ်ယောက် ခန့်ထားပေးဖို့ တောင်းဆိုခဲ့တယ်။ သူက သဘောတူတယ်။ ဒီအခါ တွဲဖက် လုပ်ဆောင်ရမယ့် လူငယ်တစ်ယောက်ကို စဉ်းစားရွေးချယ်ကြတယ်။

မိမိက မောင်သွေးသစ်ကို တင်ပြတယ်။

'ဖြစ်ပါ့မလား ဆရာ'

ဦးသိန်းလွင်က မယုံမရဲမေးပါတယ်။

'ဘာဖြစ်လို့လဲ'

'ဒီလိုပါဆရာ၊ ကိုသွေးသစ်ကို ကျွန်တော် ခင်ပါတယ်။ ရင်းလည်း ရင်းနှီးပါတယ်။ ဒါပေမဲ့ သူကကဗျာဆရာဆိုပေမဲ့ အမြဲတမ်း အဝတ်အစား ကောင်းကောင်းမွန်မွန် သပ်သပ်ရပ်ရပ်နဲ့ ကြော့ကြော့မော့မော့ကလေး နေတာမို့ စက်တွေ စာခုံတွေကြားမှာ ဟိုသွားဒီသွား ပေပေတေတေ လုပ်နိုင်ပါ့မလားလို့'

'လုပ်နိုင်ပါတယ်၊ သူ ကျွန်တော်နဲ့ တွဲလာတာ ကြာပါပြီ သူ့အကြောင်း ကျွန်တော် သိပါတယ်'

mgyoe.com

mgyoe.com


'နောက်ပြီးတော့ ဆရာ၊ သူက မဂ္ဂဇင်းတွေမှာ ပုံနှိပ်တိုက်တွေ လုပ်ဖူးတာ မဟုတ်တော့ ဆရာများ ပင်ပန်းနေမလားလို့ပါ'

'ဒါက သင်လိုက်ရင် ရပါတယ်'

မိမိ ယုံကြည်စိတ်ချစွာ ပြောလိုက်ပါတယ်။

ဒီလိုနဲ့ သူဟာ အယ်ဒီတာတစ်ယောက် ဖြစ်လာတယ်။ စာပေလုပ်သား မဂ္ဂဇင်းကို တာဝန်ယူလုပ်ဆောင်ပေးနေကြတုန်းမှာပဲ 'မိုးဝေ' မဂ္ဂဇင်းကို မိမိပြန်လည် လုပ်ဆောင်ပေးဖို့အကြောင်း ပေါ်လာတယ်။ ဒီအခါမှာ သူဟာ တာဝန်ခံအယ်ဒီတာဖြစ်လာတယ်။ မိမိတို့ 'မိုးဝေ' မှာ လေးနှစ်လုံးလုံး အတူလက်တွဲပြီး လုပ်ခဲ့ကြတယ်။

မိုးဝေမဂ္ဂဇင်းမှာ အယ်ဒီတာအဖွဲ့နဲ့ မသက်ဆိုင်တဲ့ လုပ်ငန်းပိုင်း၊ ငွေရေးကြေးရေးကိစ္စနဲ့ အရှုပ်အထွေးတွေ ပေါ်လာတဲ့အချိန်မှာ မိမိတို့နှစ်ယောက် အယ်ဒီတာအဖွဲ့က နုတ်ထွက်လိုက်ကြတယ်။ ၁၉၈၅ ခုနှစ် မေလ မှာပဲပေါ့။

အဲဒီနောက်မှာ မိမိတို့နှစ်ယောက် ဒီလိုပဲ စာရေးရင်း ကဗျာရေးရင်း အတူသွား အတူလာနဲ့ လက်တွဲမပျက် ရှိခဲ့ကြတယ်။

ဒါပေမဲ့ တစ်နေ့ကျတော့ ရင်းနှီးတဲ့ စာရေးဆရာ မိတ်ဆွေတွေ ဆုံကြတဲ့ ဝိုင်းကလေးတစ်ခုမှာ သူက စကားတစ်ခွန်း ဖြုန်းခနဲ ပြောလာတယ်။

'ဦးနတ်ကို ကျွန်တော်ပြောစရာတစ်ခုရှိတယ်၊ ကျွန်တော့်ဆီကို ကိုမျိုးဝင်း (မဟာနန္ဒာ) လာတယ်၊ မိုးဝေမှာ ပြန်လုပ်ဖို့ ပြောတယ်၊ ကျွန်တော် တောင်းတဲ့ အခွင့်အရေးတွေ အကုန်လုံးပေးမယ်၊ ဦးနတ်ကိုလည်း ရေးဖို့ ပြောတယ်၊ အခုလထုတ်က စပြီးလုပ်ရမယ်'

မိမိအံ့သြသွားတယ်။

ဘယ်လိုမှ ထင်မထားဘူး။

ဒါပေမဲ့ အခြေအနေကို ချက်ချင်း ရိပ်စားမိလိုက်တယ်။ ဒါကြောင့် သူ့ကို တစ်ခွန်းပဲ မေးလိုက်တယ်။

'မောင်ရင် ကိုယ့်ကို တိုင်ပင်တာလား၊ အသိပေးတာလား'

'အသိပေးတာပဲ ဆိုပါတော့'

'ဒါဆိုရင် မောင်ရင်ကိုယ့်ကို ဘာမှ ပြောစရာမလိုတော့ဘူး၊ နောက်

mgyoe.com

mgyoe.com


လည်း ဘာမှပတ်သက်စရာ မလိုတော့ဘူး"

မိမိစိတ်ဆိုးတာ အမှန်ပါပဲ။

တကယ်လို့ တိုင်ပင်တာဆိုရင်တော့ သူ့အနေနဲ့ 'မိုးဝေ' မဂ္ဂဇင်းမှာပဲ ဖြစ်ဖြစ်၊ တခြား ဘယ်မဂ္ဂဇင်းမှာပဲဖြစ်ဖြစ် လုပ်မယ့်ကိစ္စမှာ သူ့ထက်အသက် အရွယ်ကြီးတဲ့ လူတစ်ယောက်အနေနဲ့၊ ခင်မင်ရင်းနှီးတဲ့ လူတစ်ယောက် အနေနဲ့ အကောင်းအဆိုးတွေကို ချင့်ချိန်ပြီး အကြံဉာဏ်ပေးဖို့ တာဝန်ရှိပါ တယ်။ နောက်ပြီးတော့ လိုအပ်ရင် ကူညီလုပ်ဆောင်ပေးဖို့လည်း တာဝန်ရှိပါ တယ်။

ဒါပေမဲ့ အသိပေးတာဆိုတော့ ဘာမှပြောစရာ မလိုတော့ဘူး။ ပြီး နေပြီ။

သူ 'မိုးဝေ' မှာ ပြန်လုပ်တယ်။ သူ့အကြောင်းကိုရော၊ 'မိုးဝေ' အကြောင်းကိုရော ခေါင်းထဲက ထုတ်ထားလိုက်တယ်။

သူက 'မိုးဝေမှာ ရေးဖို့' ပြောတယ်။

မိမိ မရေးပါ။

နောက် သူ 'မိုးဝေ' က ပြန်ထွက်တယ်။ ကိုမျိုးဝင်းက မိမိကို 'မိုးဝေ' မှာ ရေးဖို့ ပြောတယ်။ မိမိမရေးပါ။

'ရင်ခုန်ပွင့်' ကို သူရောက်လာတယ်။ မိမိကို 'ရင်ခုန်ပွင့်' မှာ ရေးဖို့ ပြောတယ်။ မိမိ မရေးပါ။ ဆုံးဖြတ်ပြီး ဖြစ်တယ်။

ဒီကိစ္စ ဒီမှာ ပြီးသွားလိမ့်မယ်လို့ ထင်တယ်။

ဒါပေမဲ့...

(ဂ)

အဲဒီနေ့က တနင်္လာနေ့ ဖြစ်တယ်။ မိမိတို့ရင်းနှီးတဲ့ မိတ်ဆွေစာရေး ဆရာလေးငါးယောက် ဆုံနေကျနေ့ဖြစ်တယ်။ နောက်တစ်မျိုးပြောရရင် ကိုမြ သန်းတင့် မြို့ထဲလာနေကျနေ့ဖြစ်တယ်။ ထုံးစံအတိုင်းဆိုရင် ညနေ သုံးနာရီ မထိုးခင်လောက်မှာ ဘဝတက္ကသိုလ် စာပေတိုက်ကို သူရောက်လာတတ်တယ်။

ဒါပေမဲ့ ဒီနေ့တော့ သူရောက်မလာဘူး။ နောက်ကျနေတယ်။ သုံးနာရီ လည်း ရောက်မလာဘူး။ သုံးနာရီခွဲလည်း ရောက်မလာဘူး။ သူ ဘာဖြစ်

mgyoe.com

mgyoe.com


လို့ နောက်ကျနေသလဲ။ မလာဘဲ နေမှာတော့ မဟုတ်ဘူး။ လာမှာ သေချာတယ်။ ကိစ္စတစ်ခုရှိလို့ သေသေချာချာ ချိန်းထားတယ်။ သူဘယ်မှာ သောင်တင်နေသလဲ။

လေးနာရီ ထိုးခါနီးမှ သူရောက်လာတယ်။

'ဘယ်လိုဖြစ်လို့ နောက်ကျနေတာလဲ'

'လမ်းမှာ ကိုဌေးမြိုင် (ဒဂုန်တာရာ) နဲ့ တွေ့နေလို့'

'နေပါဦး၊ ဘယ်သူက တွေ့တာလဲ'

မင်းကျော်က မေးလိုက်တယ်။ ကိုဌေးမြိုင်ရော၊ ကိုမြသန်းရော မျက်စိမကောင်းကြ။ သူတို့နှစ်ယောက် လမ်းတွင်တွေ့လျှင် ဘယ်သူကမှ ဘယ်သူ့ကို မြင်နိုင်ဖို့ မလွယ်။

'တစ်ယောက်က တွေ့ပေးတာပေါ့။ ကိုဌေးမြိုင်ကို လိုက်ပို့ပေးတဲ့သူက တွေ့ပေးတယ်'

သူရယ်မောကာ ပြန်ပြောတယ်။

'ကိုဌေးမြိုင် ဘာကိစ္စလာတာလဲ'

မိမိမေးလိုက်မိတယ်။ ကိုဌေးမြိုင်က မှော်ဘီမှာနေတယ်။ အကြောင်းထူးမရှိဘဲနဲ့ ရန်ကုန်ကို လာလေ့မရှိပါ။

'ကလောကို သွားမလို့'

'ဘယ်တော့ သွားရမလဲ'

'ရထားလက်မှတ်မရသေးဘူးလို့ ပြောတယ်'

ကိုဌေးမြိုင်ကိစ္စ ဒီမှာတင် စကားပြတ်သွားကြတယ်။

မိမိတို့ တစ်နေရာကို သွားကြတယ်။ ပြီးတော့ မဟာဗန္ဓုလပန်းခြံလမ်းက ဆိုင်တစ်ဆိုင်မှာ လက်ဖက်ရည်သောက်ကြတယ်။ ပြီးတော့ လူစုခွဲကြတယ်။ မင်းကျော်က 'ပုဂံ' ကို သွားမယ်ဆိုပြီး ဘူတာကြီးဘက်ကို သွားတယ်။ မိမိတို့က အောက်ဘက်ကို ဆင်းလာကြတယ်။ အနော်ရထာလမ်းထိပ်ကိုရောက်တော့ မောင်နေဝင်းနဲ့ မြသန်းတင့်တို့က အငှားကားနဲ့ ပြန်မယ်ဆိုပြီး ၃၅ လမ်းဘက်ကို သွားကြတယ်။ မိမိက မြို့တော်ခန်းမအနီးမှာ 'ကြားကား' စီးရအောင်ဆိုပြီး ဆူးလေဘုရားလမ်းဘက်ကို တစ်ယောက်တည်း ထွက်ခဲ့တယ်။ ၃၃ လမ်းကို အဖြတ်လိုက်မှာ ရှေ့နားမှာ ရပ်နေကြတဲ့

mgyoe.com

mgyoe.com


စာရေးဆရာ အယ်ဒီတာတစ်စုကို တွေ့လိုက်ရတယ်။ အဲဒီအထဲမှာ ကိုဌေး မြိုင်ကို မြင်ရတယ်။

မိမိလည်း သူတို့ဆီကို ခပ်သုတ်သုတ်လျှောက်သွားပြီး တခြား ဘယ်သူ့ကိုမှ နှုတ်မဆက်အားသေးဘဲ ကိုဌေးမြိုင်လက်မောင်းနှစ်ဖက်ကို လက်နှစ်ဖက်နဲ့ အားရပါးရ ဆုပ်ကိုင်လိုက်ပြီး

'နေကောင်းလား'

ဖြုန်းခနဲမို့ သူ နည်းနည်း အံ့အားသင့်သွားပုံရတယ်။ မိမိကို သေသေ ချာချာကြည့်တယ်။ ဒါပေမဲ့ ချက်ချင်းပဲ မှတ်မိသွားပြီး...

'ကောင်းပါတယ်၊ မျက်စိပဲ၊ အဖော်တစ်ယောက်မပါရင် ဘယ်ကိုမှ သွားလို့ မရဘူး'

သူ့အခြေအနေကို တိုတိုနဲ့ ပြည့်စုံအောင် ရှင်းပြတယ်။

'ကလော သွားမလို့ဆို'

'ဘယ်သူ ပြောသလဲ'

'ကိုမြသန်း ပြောတယ်၊ သူနဲ့ အခုပဲ လမ်းခွဲလာတယ်'

'သြော်...ဟုတ်တယ်၊ သူနဲ့ နေ့လယ်က တွေ့တယ်'

သူက မျက်စိမကောင်းတာက လွဲလို့ ကျန်းကျန်းမာမာ၊ ဝဝဖြိုးဖြိုး၊ ကြည်ကြည်လင်လင်၊ ရွှင်ရွှင်လန်းလန်း။

'ကလော ဘယ်တော့သွားမလဲ'

'ရထားလက်မှတ်ပေါ် တည်တာပဲ'

'ကနေ့ မော်ဘီ ပြန်မှာလား'

'မပြန်ဘူး၊ မြင်သာမှာ တူမလေးတစ်ယောက်အိမ်မှာ အိပ်မယ်၊ ခင်ဗျား ကော နေကောင်းရဲ့လား'

'ကောင်းပါတယ်'

'အခု ဘယ်မှာထိုင်သလဲ'

'ဘဝတက္ကသိုလ်'

'သြော်...ဟုတ်ပြီ၊ ဘယ်လမ်းလဲ'

'၃၇လမ်း'

'အဲဒီကို ကျွန်တော် ရောက်ဖူးသလား'

mgyoe.com

mgyoe.com


'မရောက်ဖူးဘူးထင်တယ်၊ ဘဝတက္ကသိုလ် ကိုနေဝင်းနဲ့ ကျွန်တော်တို့ တောင် ကိုဌေးမြိုင်ဆီ လာမလားလို့'

'အခု တင်ထုတ်တစ်ခု လုပ်နေတယ်မဟုတ်လား၊ သည်း...

စာပေနယ်ကို သူ အဆက်မပြတ် ရှိနေတယ်။

'သည်းထိတ်ရင်ဖို'

'ဘယ့်နှယ်နေလဲ'

သူ စိတ်ဝင်စားစွာ မေးတယ်။

'မဆိုးပါဘူး'

'ကောင်းပါတယ်၊ ဘာသာပြန်စာအုပ်တွေလည်း ထွက်တယ်မဟုတ်လား'

'ဟုတ်ကဲ့'

အနားကို ပါရဂူရောက်လာတယ်။

'ကားအဆင်သင့် ဖြစ်နေပြီ'

သူတို့ တစ်နေရာကို သွားကြမှာဖြစ်တယ်။ ဒါနဲ့ ကိုဌေးမြိုင်နဲ့ ပါရဂူနဲ့ အနီးအနားက စာရေးဆရာအယ်ဒီတာ တစ်ယောက်နှစ်ယောက်ကို နှုတ်ဆက်ပြီး မိမိထွက်ခဲ့တယ်။

'နောက်မှ အေးအေးဆေးဆေး တွေ့ဦးမယ်' လို့ မိမိက ပြောတဲ့အခါမှာ 'အေးဗျာ၊ တွေ့ကြတာပေါ့' လို့ ကိုဌေးမြိုင်က လိုက်လိုက်လှဲလှဲ ပြန်ပြောပါတယ်။ တကယ့်ကို ခင်မင်ရင်းနှီးစွာနဲ့ ပြန်ပြောခြင်းပဲ ဖြစ်ပါတယ်။ သူက မိမိကို ခင်မင်ရင်းနှီးနေဆဲပဲ ဖြစ်ပါတယ်။ ဒါပေမဲ့...

မိမိလုပ်တဲ့ မဂ္ဂဇင်းမှာ သူမရေးပါဘူး။ မိမိတည်းဖြတ်တဲ့ 'မိုးဝေ' မှာ သူမရေးပါဘူး။ ဒါက သူ့မူပဲ၊ သူ့ဆုံးဖြတ်ချက်ပဲ။

'မိုးဝေ' ကို မိမိတို့ စတင်ပျိုးထောင်စဉ်က သူ အင်တိုက်အားတိုက် ပါဝင်ရေးသားခဲ့တယ်။ ကလောင်အမည် လေးငါးခုနဲ့ ရေးခဲ့တယ်။

နောက် သူနဲ့ မိမိကြားမှာ 'ပြဿနာ' တစ်ခု ပေါ်ခဲ့တယ်။ သူ မရေးတော့ဘူး။ မိမိက ရေးဖို့ အကြိမ်ကြိမ်ပြောတယ်။ သူ မရေးပါ။

'မိုးဝေ' ကို ပထမအကြိမ် မိမိစွန့်လွှတ်လိုက်တဲ့ အခါကျမှ သူပြန်ရေးတယ်။ အင်တိုက်အားတိုက်ရေးတယ်။

mgyoe.com

mgyoe.com


'မိုးဝေ' ကို မိမိပြန်လုပ်တယ်။ ဒီအခါမှာ သူမရေးတော့ဘူး။ 'မိုးဝေ' ကို မိမိ ဒုတိယအကြိမ် စွန့်လွှတ်လိုက်တဲ့အခါ သူပြန်ပြီးရေးတယ်။

မိမိကို သူ ခွင့်မလွှတ်နိုင်သေးဘဲ ရှိနေတယ်။

ဒီမှာ ဖြုန်းဆို မောင်သွေးသစ်ကို မိမိ သတိရလိုက်တယ်။ မိမိကလည်း သူ့ကို ခွင့်မလွှတ်နိုင်သေးဘဲ ရှိနေတယ်။

ခေါင်းထဲမှာ အတွေးတွေ ဝင်လာတယ်။ ကြားကားဂိတ်ကို ဘယ်လို ရောက်သွားပြီး ကားပေါ်မှာ ဘယ်လိုစီးလာမိတယ်ဆိုတာကိုတောင် သတိမထားမိ။

ခေါင်းထဲမှာ အတွေးတွေ ချာချာလည်နေတယ်။

ဒီမှာ တစ်ခု ပြောရလိမ့်မယ် ထင်တယ်။

(ဃ)

သာမန်အားဖြင့် မိမိဟာ သူလိုကိုယ်လို လူတစ်ယောက်ပါပဲ။ ဒါပေမဲ့ အခြားတစ်ဖက်ကနေ ပြောရရင် စာရေးဆရာတစ်ယောက်။

စာရေးဆရာတွေဟာ သာမန်ထက် ထူးခြားတဲ့လူတွေ မဟုတ်ပေမဲ့ သူတို့မှာ ထူးခြားတာတစ်ခုရှိတယ်။ အဲဒါက သူတို့မြင်သမျှ ကြားသမျှကို အချိန်အခါမရွေး စာရေးဖို့ တွေးနေကြတာပဲ။

သူတို့က ဝမ်းသာကြည်နူးရင်လည်း စာရေးဖို့ စိတ်ကူးမိတယ်။ ကြေကွဲဝမ်းနည်းရင်လည်း စာရေးဖို့ စိတ်ကူးမိတယ်။ ဒါတင်မကသေးဘူး၊ တစ်စုံတစ်ခုကို မကျေနပ်လို့ ဒေါသဖြစ်နေတဲ့အခါမှာလည်း စာရေးဖို့ပဲ တွေးနေတယ်။

တစ်ခါတစ်ခါမှာ မိမိဟာ ကလေးတွေကို ဒေါသဖြစ်လို့ ဆူနေရင်းနဲ့ သူတို့အကြောင်း စာရေးချင်စိတ် ပေါ်လာတဲ့အခါမှာ ဒေါသတွေ ဘယ်ပျောက်သွားသလဲ မသိတော့ဘူး။

အခုလည်း မိမိဟာ ကားပေါ်မှာ ဒဂုန်တာရာနဲ့ မောင်သွေးသစ် အကြောင်း စဉ်းစားရင်း စာရေးဖို့ စိတ်ကူးနေမိတယ်။

နောက်ပြီးတော့ တစ်ချိန်တည်းမှာပဲ ဒေါ်ဒေါ့်ကိုလည်း သတိရနေမိတယ်။ ဒေါ်ဒေါ်ဆိုတာက လူထုဒေါ်အမာပါ။

mgyoe.com

mgyoe.com


မိမိက မန္တလေးက 'ထွက်' တာပါ။ မိမိမှာ 'မန္တလေး' ကျေးဇူးတွေ အများကြီး ရှိပါတယ်။ နောက်ပြီးတော့ မိမိက 'လူထု' က ထွက်တာပါ။ မိမိအပေါ်မှာ လူထုကျေးဇူးတွေ အများကြီး ရှိပါတယ်။

ဒါပေမဲ့ တစ်ကြိမ်မှာ 'လူထု' ဂျာနယ်နဲ့ ပတ်သက်ပြီး မိမိရေးလိုက်တာ တစ်ခုကို ဦးလေးလှ (လူထုဦးလှ) နဲ့ ဒေါ်ဒေါ်တို့ စိတ်မကောင်း ဖြစ်သွားကြတယ်လို့ မိမိထင်မိတယ်။ တကယ်ဟုတ်ချင်မှလည်း ဟုတ်မှာပါ။ မိမိစိတ်ထဲ 'ထင်' နေတာလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ မိမိနဲ့ဒေါ်ဒေါ်တို့ နည်းနည်းကလေး အလှမ်းဝေးသွားတာတော့ အမှန်ပဲ။ မိမိဘက်က ပျက်ကွက်တာလည်း ဖြစ်နိုင်ပါတယ်။ မိမိ မန္တလေးကို ရောက်တဲ့အခါမှာ 'လူထု' ကို မဝင်ဖြစ်ဘူး။ ဦးလေးလှ ဆုံးတဲ့အချိန်တုန်းကလည်း မိမိမရောက်လိုက်ဘူး။ ဒေါ်ဒေါ်အသက် ၇၀ ပြည့် မွေးနေ့တုန်းကလည်း မိမိဘယ်လိုမှ မပါဝင်လိုက်ရဘူး။

'သည်းထိတ်ရင်ဖို' ကို မိမိထုတ်ဝေတဲ့အခါမှာ ဆရာကြီး ရွှေဥဒေါင်းရဲ့ ဝတ္ထုတစ်ပုဒ်ကို ပြန်လည်ဖော်ပြဖို့ ရှိတယ်။ ဆရာကြီးစာမူတွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ အဖွဲ့တာဝန်ခံ ဒေါ်ဒေါ့်ထံခွင့်ပြုချက်ရဖို့ လိုအပ်နေတယ်။ ဒေါ်ဒေါ့်ဆီက ခွင့်ပြုချက်ရဖို့ မောင်နေဝင်းကနေတစ်ဆင့် ကြိုးစားခဲ့တယ်။ မောင်နေဝင်းကလည်း သူ့ကိစ္စနဲ့သူ မအားတာကြောင့် ဆောင်ရွက်မပေးနိုင်ဘူး။ ဒါနဲ့ တစ်နှစ်သာ ကြာသွားတယ်။ ဆရာကြီးရဲ့ စာမူကို မဖော်ပြနိုင်ခဲ့ဘူး။

တစ်လောကတော့ မိမိရဲ့ခေါင်းထဲမှာ 'အသိစိတ်' တစ်ခု ဝင်လာတယ်။ ဒါနဲ့ ဒေါ်ဒေါ့်ဆီကို စာရေးလိုက်တယ်။ မြန်မာလူမျိုးတို့ရဲ့ ယဉ်ကျေးမှု ဓလေ့အတိုင်း မာကြောင်း၊ သာကြောင်းနဲ့ ဆုမွန်ကောင်းတောင်းကြောင်းကို ရိုသေစွာ ရေးသားပြီး ဆရာကြီးစာမူအတွက် ခွင့်ပြုချက် တောင်းခံလိုက်ပါတယ်။ ဒေါ်ဒေါ့်ဆီက ချက်ချင်းပဲ စာပြန်လာပါတယ်။ ခွင့်ပြုချက်လည်း ပေးပါတယ်။ ပြီးတော့ ကျန်းမာစေကြောင်းလည်း မေတ္တာတုံ့ပြန်လိုက်ပါတယ်။

ဒေါ်ဒေါ့်ရဲ့စာက တိုတိုကလေးပါ။ ဒါပေမဲ့ ဒေါ်ဒေါ်ရဲ့စာကို ဖတ်လိုက်ရတဲ့အခါမှာ စာထဲမှာ ကြီးမားတဲ့ မေတ္တာတရားနဲ့ ခွင့်လွှတ်မှုတရားတွေကို တွေ့ရတဲ့အခါ မိမိဘယ်လောက် ဝမ်းသာသွားသလဲဆိုတာ ရေးမပြတတ်ပါဘူး။ အကြမ်းဖျင်း ကြိုးစားပြီး ပြောရရင် မိမိကိုယ်ပေါ်မှာ နှစ်ပေါင်း

mgyoe.com

mgyoe.com

များစွာ ဖိစီးနေတဲ့ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ကျသွားပြီး လွတ်လပ်ပေါ့ပါးသွားသလိုပဲ။

မိမိမှာ 'ကိုယ်ပွားဇာတ်ဆောင်' တစ်ယောက် ရှိပါတယ်။ ကိုဘုမ္မာ ဖြစ်ပါတယ်။ ကိုဘုမ္မာဟာ စာရေးဆရာ အယ်ဒီတာတစ်ယောက် ဖြစ်တယ်။ စာပေလောကနဲ့ ပတ်သက်ပြီး၊ စာရေးဆရာတွေနဲ့ ပတ်သက်ပြီး စိတ်ထဲမှာ ထိခိုက်ခံစားမှုကလေးတွေရှိရင် 'ကိုဘုမ္မာ' ကို ဇာတ်ဆောင်ထားပြီး ဝတ္ထုတိုကလေးတွေ ရေးလေ့ရှိပါတယ်။ 'ကိုဘုမ္မာဇာတ်လမ်း' ကလေးတွေ အတော်တောင် စုမိနေပါပြီ။

အခုလည်း ဒေါ်ဒေါ်၊ ကိုဌေးမြိုင်၊ မောင်သွေးတို့နဲ့ ပတ်သက်ပြီး မိမိရဲ့ရင်ထဲမှာ လှုပ်ခတ်ခဲ့ရတာတွေကို 'ကိုဘုမ္မာ' ဝတ္ထုတစ်ပုဒ်ရေးရမလားလို့ ကားပေါ်မှာ စဉ်းစားလာခဲ့ပါတယ်။

ဘယ်လောက်ကြာအောင် စဉ်းစားမိနေတယ် မသိဘူး။ ဆင်းရမယ့် မှတ်တိုင်ကို လွန်ပြီး ပါသွားမလိုတောင် ဖြစ်ခဲ့ရတယ်။

'အဝိုင်းကြီးပါလား၊ ဝေပုလ္လပါလား၊ လမ်းဆုံပါလား၊ ဆရာရေ့ မေတ္တာဝီလမ်းဆုံပါတယ်၊ လမ်းဆုံကို မောင်း'

စပယ်ယာရဲ့ အသံကို ကြားလိုက်ရတယ်။

'ဝေပုလ္လပါလား' ဆိုတုန်းက သတိမထားမိခဲ့ဘူး။ 'လမ်းဆုံကိုမောင်း' ဆိုတော့မှ သတိရပြီး 'ဝေပုလ္လပါတယ်' လို့ ကမန်းကတန်းအော်လိုက်ရတယ်။

မိမိပြောလိုက်တဲ့အချိန်မှာ ဝေပုလ္လကို မကျော်သေးပါဘူး။ အဝိုင်းကြီးကို ကျော်ရုံပဲ ရှိပါသေးတယ်။ ဒါပေမဲ့ စပယ်ယာက သူ စောစောတုန်းက မေးတဲ့အချိန်တုန်းက မပြောတာကို စိတ်တိုသွားပုံရတယ်။

'မေးရင် ပြောကြပါ၊ မှတ်တိုင်ကို ကြိုပြီး ပြောကြပါ။ ဆရာရေ့ ဝေပုလ္လပါသေးတယ်တဲ့'

ကား တုံ့ခနဲ ရပ်သွားတယ်။

မိမိက ထိပ်ဆုံးက ထိုင်ပြီး ပါလာတဲ့အတွက် မနည်းတိုးဝှေ့ပြီး ဆင်းရတယ်။ ဒီအခါမှာ အချိန်နည်းနည်းကလေး ကြန့်ကြာသွားတဲ့အတွက် စပယ်ယာ ထပ်ပြီး စိတ်တိုသွားပုံရပါတယ်။

'မှတ်တိုင်ကို ကြိုပြီးပြောကြပါ။ မဆင်းခင် ကြိုပြီး တိုးထားကြပါ'

mgyoe.com

mgyoe.com


မိမိဖြုန်းခနဲ တိုးမရတဲ့ အကြောင်းတစ်ခုကတော့ အလယ်ခုံတွေ ပြည့်ကျပ်နေပြီး လူတွေပေါ်မှာ ကလေးတွေ ထပ်ထိုင်ထားပြီး အထုပ်အပိုးတွေ၊ ခြင်းတွေ ပြည့်ကျပ်နေ၍ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ မိမိမှာ စောဒကတက်နေဖို့ အချိန်မရှိပါ။ စိတ်တိုတိုနဲ့ ကားပေါ်က အမြန်ဆုံး ခုန်ချရပါတယ်။

မိမိစဉ်းစားရင်း တွေးတောရင်းနဲ့ပဲ အိမ်ပြန်ရောက်သွားတယ်။ အိမ်ရောက်တော့ သားက ဆီးပြောတယ်။

'ဦးကျော်အောင် ဖုန်းဆက်တယ်'

'ဘာတဲ့လဲ'

'ဘာမှ အရေးမကြီးပါဘူးတဲ့။ မနက်ဖြန်မှ ပြန်ဆက်မယ်တဲ့၊ နောက်ပြီး ဦးသွေးသစ်လည်း ဆက်တယ်။ စာမူကိစ္စတဲ့၊ ထပ်ဆက်မယ်တဲ့'

(င)

မိမိဘယ်လောက်ကြာအောင် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေမိတယ် မသိဘူး။ ဇနီးသည်ရဲ့ အသံကြားမှ သတိရမိတယ်။

'အခုထက်ထိ အဝတ်အစားတွေလည်း မလဲရသေးဘူးလား၊ ရေမချိုးရသေးဘူးလား၊ ဘာတွေများ စဉ်းစားနေတာလဲ'

'ဘာရေးရရင် ကောင်းမလဲလို့ပါ'

စာရေးဆရာ၏ဇနီးအဖြစ် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိခဲ့တဲ့ ဇနီးသည်ဟာ စာရေးဖို့ စိတ်ကူးနေကြောင်း သိရှိရတဲ့အခါမှာ အလိုက်သိစွာနဲ့ စာကြည့်ခန်းထဲက ပြန်ထွက်သွားပါတယ်။

အဲဒီအချိန်မှာ တယ်လီဖုန်းမြည်သံ ကြားရပါတယ်။

တယ်လီဖုန်းကနေ စကားပြောနေတဲ့ အသံတစ်ခုကို ကြားရတယ်။

'ကိုယ့်ဝတ္ထု သန်ဘက်ခါ ပေးမယ်'

တော်တော်ကလေးကြာမှ စကားပြောနေတဲ့အသံဟာ မိမိအသံဖြစ်မှန်း သတိထားမိပါတယ်။ ။

ရင်ခုန်ပွင့်၊ ၁၉၈၈၊ ဇူလိုင်

❑

mgyoe.com